www.burmesesclassic.com

မျိုးဆက်သစ် စာအုပ် [၂]

အောင်ဝေး

# ခရမ်းနုရောင်နှင်း

[ သို့မဟုတ်၊ ခင်ဝမ်းသို့ တမ်းချင်းများ ]

**မျိုးဆက်သစ် စာပေ**
အမှတ် ၁၆၆၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၈၀၁၀၅

www.burmesesclassic.com

www.burmesesclassic.com



မာတိကာ


| | | |
|---|---|---|
| − | ဟိန်းလတ်၏ အမှာ | ၇ |
| ၁။ | နောက်ဆုံးသီချင်း | ၁၃ |
| ၂။ | နှင်းဆီဖြူရဲ့ အဝေးကလူနှစ်ရောက် | ၁၆ |
| ၃။ | ခင်ဝမ်းနှင့် ကြိုးပြင်းခြင်း | ၃၅ |
| ၄။ | ခင်ဝမ်းလမ်း | ၄၄ |
| ၅။ | ခရမ်းနုရောင်နှင်း | ၄၇ |
| ၆။ | ကွယ်လွန်သူ ကိုခင်ဝမ်းကောင်းမှု | ၅၆ |
| ၇။ | ခင်ဝမ်းလွန်လေ | ၆၄ |
| ၈။ | သရေခေတ္တရာမှ သတင်းပို့ချက် | ၆၆ |
| − | နောက်ဆက်တွဲ<br>ခင်ဝမ်း (၁၉၄၇−၂၀၀၀)<br>အတ္ထုပ္ပတ္တိအကျဉ်း | ၇၀ |


BURMESE CLASSIC .com



www.burmesesclassic.com

www.burmesesclassic.com



## ဟိန်းလတ်၏ အမှာ *

### ပါရမီရှင်ခင်ဝမ်းသို့ တမ်းချင်းဆုတောင်း

ခင်ဝမ်း –

မင်းကို ငါသိခဲ့တာ ၁၉၆၉ ခုနှစ်ကတည်းက။

အဲဒီတုန်းက မင်းက ပန်းချီဆရာ ခင်ဝမ်း မဟုတ်။ သီချင်းရေးဆရာ ခင်ဝမ်း မဟုတ်။ အဆိုကျော် ခင်ဝမ်း မဟုတ်။ မဟုတ်... မဟုတ်... မဟုတ်။ ဘာမှမဟုတ်တဲ့ ခင်ဝမ်း။ ဒါပေမဲ့ မကြာခင်မှာ သိပ်ဟုတ်တော့မယ့် ခင်ဝမ်းအဖြစ် မင်းသန္ဓေတည်နေတာကိုတော့ ငါ ရိပ်ဖမ်းသံဖမ်း သိခဲ့ရ။

* ၃ – ၂ – ၂၀၀၂ နေ့က ပြည်မြို့တွင် ကျင်းပခဲ့သော ခင်ဝမ်း ကွယ်လွန်ခြင်း (၂) နှစ်ပြည့် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ။



www.burmesesclassic.com

www.burmesesclassic.com



တက္ကသိုလ်ရောက်ရောက်ချင်း မင်းနဲ့ ငါ ခင်ခဲ့တယ်။ ငါသာမဟုတ်ပါဘူး၊ ၁၉၆၅ ကနေ ၁၉၆၉ ခုနှစ်အတွင်းမှာ မင်းကို ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှာ မသိတဲ့သူ ရှားပါတယ်။ "လူရွှင်တော်ခင်ဝမ်း" အနေနဲ့လေ။ တွေ့သမျှ လူကို မင်း အမျိုးစုံ ပြောင်နောက်တတ်တယ်။ သတ္တဗေဒက ခင်ဝမ်းဆိုရင် လူပျော်လူနောက် "ကောလိပ်ဂျင်" အနေနဲ့ တက္ကသိုလ်ဝန်းကျင်မှာ ကျော်ကြားခဲ့တယ် မဟုတ်လား။ အပြင်မှာ နောက်နောက်ပြောင်ပြောင် ပေ့ါပေ့ါတန်တန် နေတတ်တဲ့ မင်းကို အနီးကပ်ပေါင်းကြည့်တဲ့ အခါကျတော့ အင်မတန်ကို စာဖတ်တဲ့သူမှန်း သိလိုက်ရတယ်။ မင်းရဲ့ အခန်း ကျဉ်းကျဉ်းလေးထဲမှာ စာအုပ်တွေအပြည့်။ စာကို သဲသဲမဲမဲ ဖတ်သလို စာရေးတော့လည်းအဖြောင့်။ ပထမဆုံး မင်းရဲ့စာကို ငါတို့ သတ္တဗေဒ မဂ္ဂဇင်းမှာ ဖတ်လိုက်ရတယ်။ တက္ကသိုလ် ဘုန်းနိုင်ရဲ့ စာသားတွေကို အရေကျိုသောက်၊ နဝဒေးရတု၊ နတ်ရှင်နောင်ရတုတွေကိုပါ အလွတ်ကျက်ခဲ့တဲ့ မင်းဟာ စကားပြေသစ်တစ်ရပ်ကို ဖန်တီးနိုင်ခဲ့တယ်ဆိုတာ မင်းရဲ့ ပထမဆုံး လက်ရာမှာတင် အကဲဖြတ်လို့ရခဲ့တယ်။ နောက်တော့ မင်းက မောင်သိန်းလွင်ရဲ့ ရေးဟန်ကို အတုခိုးပြန်ရော။ ဘဝ သရုပ်ဖော်ရေးတဲ့ မောင်သိန်းလွင်ရဲ့ နောက်ပိုင်းရေးဟန် မဟုတ်ဘူး။ ရှေ့ပိုင်းက ကဗျာလင်္ကာ စကားပြေပုံစံမျိုး။ မှတ်မိသေးတယ်။ မောင်သိန်းလွင်ရဲ့



www.burmesesclassic.com

www.burmesesclassic.com



"လွမ်းပွင့်ကြွေ့ကြွေ့ တဖွေ့ဖွေ့" ဝတ္ထု၊ "နတ်မြင်းပျံမို့ မြူးကြွားကြွား" ဝတ္ထု၊ "ဖြေသာကြွေလာနှင့်နှင့်စေ" ဝတ္ထုတွေ ထဲက စာသားတွေကို အလွတ်ရွတ်ပြခဲ့နိုင်တာတွေ။ စကားပြေ မှာသာ မဟုတ်ဘူး။ မင်းက ပထမ ဂီတာတီးတယ်။ နောက်တော့ မင်းဘာသာမင်း မယ်ဒလင်ဝယ်လာပြီး ကိုယ့် ဘာသာကိုယ် (ဆရာမရှိဘဲ) စမ်းတီးရင်းနဲ့ တစ်ပတ်လောက် အတွင်းမှာ မယ်ဒလင် ကောင်းကောင်းတီးတတ်လာတာ ငါတို့ရှေ့မှာတင်ပဲ။ စန္ဒရားကျတော့လည်း ယုဒသန် ရိပ်သာ မှာ တစ်နာရီ ငါးကျပ်ပေးပြီး စမ်းတီးတာဟုတ်လို့ပဲ။ ပန်းချီကျတော့လည်း ဘာသင်တန်းမှမတက်၊ ဘယ်ဆရာဆီ မှာမှ မသင်ဘဲ စုတ်တံတွေဝယ်၊ ဆေးတွေဝယ်ပြီး ဆွဲလိုက်တာ ဖြောင့်လို့။ မင်းရဲ့ရှေ့က ဆရာကြီးတွေအားလုံးကို တောင် ကျော်သွားသေး။ သီချင်းဆိုတာကျတော့ မဟန်ဖူးဟော့။ မင်း အသံကြီးက ခြောက်ကပ်ကပ်၊ ကွဲအက်အက်ကြီးမို့ ငါနဲ့ မောင်ညီညွတ်ကပဲ ဝိုင်းဆိုပေးခဲ့ရတယ် မဟုတ်လား။ ဒါပေမဲ့ နောက်ပိုင်းကျတော့ မင်းအသံကိုပဲ လူတွေက ကြိုက်လှတယ်ဆိုပြီး နိုင်ငံကျော် အဆိုကျော်ကြီး ဖြစ်သွား တယ်လေ။ ပြောစရာတစ်ခု ကျန်သေးတယ်။ မိုးဝေမဂ္ဂဇင်းမှာ မင်း "စံကြည်ကျော်"ဆိုတဲ့ ကလောင်နာမည်ယူပြီး ဘာသာ ပြန်ရေးခဲ့တာလည်း အတော်ကောင်းတယ်ကွာ။ အနုပညာမှာ တော့ မင်းက တကယ့်ကို စွယ်စုံပဲ။ လူကတော့ နည်းနည်း



www.burmesesclassic.com

www.burmesesclassic.com



ကြောင်တယ် ပြောရမှာပေါ့။ လူမှုရေး နားမလည်တာတို့၊ ပိုက်ဆံကို မကပ်သင့်တဲ့နေရာကပ်ပြီး မကုန်သင့်တဲ့နေရာကျတော့ အလွန်အကျွံ ဖြုန်းပစ်တာတို့၊ ခင်ပွန်းတာဝန်၊ ဖခင်တာဝန် မကျေတာတို့။ ဒါပေမဲ့ မင်းကို ငါ သိပ်အားကျတယ်။ အင်္ဂလိပ်လို ပြောရရင်တော့ I envy you (မင်းကို ငါ မနာလိုဘူး) ငါက တခြားနေရာတွေမှာ သိပ်မဆိုးလှပေမဲ့ အနုပညာပိုင်းကျရင်တော့ မင်း ခြေအစုံက မြေတစ်မှုန်တောင်မှ မဖြစ်မြောက်တဲ့သူကိုး။ မင်းကို ငါ အချစ်ဆုံးပါ၊ မင်းရဲ့ အချစ်ဆုံးတွေထဲမှာလည်း ငါတစ်ယောက် အသေအချာပါတယ်ဆိုတာ ငါ ကောင်းကောင်းသိတယ်။ မင်းကို အခု လူတွေ တတမ်းတမ်း တတတဖြစ်နေကြတာကိုကြည့်ပြီး မင်းရဲ့ သူငယ်ချင်း အရင်းအချာဖြစ်ရတာ ငါ သိပ်ဂုဏ်ယူတာပါပဲ။ မင်းဟာ သက်တမ်းတိုတိုပဲ လူ့ပြည်မှာ နေခဲ့ပေမဲ့ မင်း လုပ်နိုင်တာတွေ အများကြီး မင်း လုပ်ပြခဲ့တယ်။ ပန်းချီမှာကြည့်မလား၊ ဂီတမှာကြည့်မလား။ မင်းက ဘဝကို အနိုင်နဲ့ ပိုင်းသွားခဲ့တယ်။ မင်း လုပ်ချင်တာတွေကို အသာလေး ပေါ့ပေါ့ပါးပါး လုပ်ပြသွားခဲ့တယ်။ မင်း ဘာမှသိပ် ပင်ပင်ပန်းပန်းကြီး မရင်းနှီးခဲ့ရဘူး။ မင်းဟာ ပါရမီရှင်ပဲ။ မင်းလိုလူမျိုး နေရာမှားမွေးလာတာကိုတော့ ငါ ယူကျုံးမရ ဖြစ်ခဲ့တယ်။ တကယ်တော့ မင်း အရည်အချင်းဟာ နိုင်ငံကျော်၊ မြန်မာ



BURMESE CLASSIC .com

www.burmesesclassic.com

www.burmesesclassic.com



ကျော် မဟုတ်ဘူးကွ၊ ကမ္ဘာကျော်ရမယ့်သူ။ အေးကွာ ကမ္ဘာကျော် ခင်ဝမ်းရဲ့ သူငယ်ချင်း မဖြစ်ရတာတော့ ငါ့ကိုယ်ငါလည်း ဝမ်းနည်းမိတယ်။ သံသရာကို ယုံကြည်တဲ့ ငါ့အနေနဲ့ကတော့ မင်း ဖြည့်ခဲ့တဲ့ ဒီဘဝရဲ့ ပါရမီတွေကြောင့် နောင်ဘဝမှာ မင်း ကမ္ဘာကျော်မှာ သေချာတယ်။ အဲဒီအခါ မှလည်း ငါဟာ မင်းရဲ့ ကမ္ဘာကျော် အနုပညာရှင်ဘဝမှာ ပါရမီဖြည့်နိုင်တဲ့ သူငယ်ချင်း ဖြစ်ချင်သေးရဲ့။

ရွှေရောင်တောက်ခဲ့ ကောလိပ်ရက်များက သူငယ်ချင်း ခုနစ်ယောက်ထဲက တစ်ယောက်...။ ။

**ဟိန်းလတ်**

၁-၂-၂၀၀၂

BURMESE CLASSIC .com



www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

www.burmesesclassic.com



## နောက်ဆုံးသီချင်း

သိပ္ပံဝတ္ထုထဲမှာ
စိမ်းဖန့်ဖန့်ဂြိုဟ်သားပုလေးတွေ
ကွန်ကရိန့်ရုံကြီးထဲက
တိုးထွက်လာတယ်။

သေသေချာချာ ကြည့်မိတော့မှ
ကိုယ်မေ့လျော့နေခဲ့တဲ့
အိမ်ရှေ့က ကန်စွန်းမြောင်းလေးထဲ
ရေအတော်နည်းနေပါလား။

ဆောင်းတွင်းကြီးပါ
ဥသြငှက်တွေ တေးမသီခင်ပါ
အချိန်နေရာမဟုတ်
နှုတ်ဆက်ထွက်ခွာသွားတဲ့အခါ



www.burmesesclassic.com

www.burmesesclassic.com



ခရမ်းနုရောင်လေးတွေ
နုန်းတိုးငါးကလေးတွေ
အစိမ်းတောထဲ
စွဲစွဲလမ်းလမ်းသေဆုံးနေတာ
တွေ့လိုက်ရတယ်။

အစအဆုံး
မီးခိုးခေါင်းတိုင်ကိုပဲ
မော့ကြည့်နေရတဲ့ အဖြစ်ပါ
နှင်းရေ...။ ။
(ခင်ဝမ်းသို့...)
၅-၂-၂၀၀၀

[ယနေ့ခေတ်၊ ၂၂-၂-၂၀၀၀]



www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

www.burmesesclassic.com



# နှင်းဆီဖြူရဲ့ အဝေးကလူနှစ်ယောက်

## (၁)

ထိုစဉ်နေ့များမှာတော့ ကြေကွဲသော နေ့ရက်တို့သာ မဖြတ်သန်းချင်ဘဲ ဖြတ်သန်းလို့နေခဲ့ရလေသည်။ ကျွန်တော်တို့က ဘဝတွေကို တိပ်ခွေထဲမှာ ထည့်ရစ်ခဲ့ကြသည်။ တိပ်ခွေကို ပြန်ဖွင့်လိုက်သောအခါ ဘဝတွေက ဆို့ဆို့နစ်နစ် ပြန်ထွက်လာကြသည်။ နှလုံးအိမ်ထဲ စီးဝင်လာသည့် ကွဲကွဲကြေသော အရာတွေက သီချင်းတွေလား၊ ဘဝတွေလား၊ ကျွန်တော်တို့ ခွဲခြားမရနိုင်တော့။ လောကသံသရာ ကက် ဆက်အိုကြီးထဲမှာ ဘဝကို တိပ်ခွေလို နောက်ပြန်ရစ်ခဲ့တာလား၊ သို့မဟုတ် တိပ်ခွေကိုပဲ ဘဝလို ပြန်ရစ်ပစ်လိုက်တာလား။ ကျွန်တော်တို့ အားလုံးမှာ မွန်းနစ်ငေးမောလို့သာ နေခဲ့ကြတော့သည်။



www.burmesesclassic.com

www.burmesesclassic.com



*x x x ရေစုန်ကို ဆန်ကာ ပြန်ခဲ့ပြီ*
*မိုးဦးရေဆန် မိုးဦးရေဆန်*
*ဆယ်လမွန်ငါးတို့အပြန်*
*အပြန် အပြန် အပြန် ဆယ်လမွန်*
*ငါးတို့အပြန်x x x*

ထိုနေ့သည် စိတ်လက်များ နာကျင်ပြိုကွဲသောနေ့ တစ်နေ့လည်း ဖြစ်နေခဲ့ပါ၏။ ထိုနေ့က ကျွန်တော်တို့သည် လူနှစ်ယောက်၏ ဈာပနကို တစ်ချိန်တည်း၊ တစ်နေရာတည်း တွင် ပို့ဆောင်ရသောနေ့လည်း ဖြစ်ပါ၏။ ရေဝေးသုသာန်မှာ ကျွန်တော်တို့အားလုံး စုဝေးရောက်ရှိနေကြသောအချိန်တွင် ညနေခင်းစောသောလေကလည်း ဝင်းပမနေခဲ့ပါချေ။

ထိုနေ့သည် ခရစ်နှစ် ၂၀၀၀ ပြည့်၊ ဖေဖော်ဝါရီလ (၅) ရက်နေ့ ဖြစ်ပါသည်။

ကျွန်တော်တို့သည် ကျွန်တော်တို့၏ ချစ်လှစွာသော လူနှစ်ယောက်၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ရန် ထိုနေရာ၌ ညှိုးငယ်သော နှလုံးသားကိုယ်စီဖြင့် ခဏငယ် ပေါင်းများစွာကို ဖြတ်သန်းနေခဲ့ကြပါ၏။ ကိုယ်စီ၏ ရင်ထဲတွင် အတွေးမုန်တိုင်းတို့က ဝင်ရောက်တိုက်ခတ်နေပေဦးတော့မည်လား။

ညနေခင်း၏ ဟာလာဟင်းလင်း နေရောင်အောက် ဝယ် မျက်စိထဲ ဝင်လာနေသော အရာရာတို့၏ မြင်ကွင်း သည် ရုပ်ရှင်အနှေးပြ ရိုက်ချက်တစ်ခုလိုပင် လေးလံထိုင်း



www.burmesesclassic.com

www.burmesesclassic.com



မှိုင်းနေခဲ့တော့သည်လား။ ထိုစဉ် အဆုံးအစမရှိသော မိုးကောင်းကင်၌ (ပင်လယ်ပြင်လည်း ဖြစ်နိုင်ပါသည်) ပျံသန်း နေသော သီချင်းသံကို ကျွန်တော်တို့၏ စိတ်များဖြင့် ကြားရ၍ သွေးသံရဲရဲနှင့် မုန်တိုင်းထဲတွင် ရုန်းကန်နေသော ရုပ်ပုံလွှာကိုတော့ ကျွန်တော်တို့၏ နားများဖြင့် မြင်ကြရလေသည်။

*x ံx ံx မုန်တိုင်းစင်ရော်လေးရယ်*
*ပျံနေဆဲ ရှာနေဆဲ အေးချမ်းရာ မမျှတတဲ့ဘဝရဲ့*
*ကံကြမ္မာ လမ်းပျောက်ရှာတဲ့ ငှက်စင်ရော်မှာ*
*မုန်တိုင်းဒဏ်ချက် လူးလှိမ့်ကာ x ံx ံx*

ထိုညနေခင်းက ကျွန်တော်တို့အားလုံးသည် ကျွန်တော်တို့၏ လွမ်းဆွတ်လှစွာသော လူနှစ်ယောက်၏ နောက်ဆုံးအချိန်ကို စောင့်ဆိုင်းနေခဲ့ကြခြင်း ဖြစ်ပါ၏။ ရေဝေးသုသာန်ပေါ်မှ နေရောင်သည် ကျွန်တော်တို့၏ ရင်ဘတ်တွေကို မညှာမတာ ထွန်ယက်နေခဲ့လေသည်။ လေပူပြင်းပြင်းထဲတွင် ညိုးပြာမှုန်မင်သော မှိုင်းမှိုင်းစိတ်များက အလွမ်းမျိုးစေ့များကို ဖြိုင်ဖြိုင်ကြဲချပြန်လေသည်။ ရတ်ခြည်းပင် ထိုမျိုးစေ့များက အညှောက်ပေါက်ကာ ရှင်သန်ကြီးထွားလာပြီး အလွမ်းပင်တောကြီး ဖြစ်သွားခဲ့လေတော့သည်။

ထိုအလွမ်းပင်တောကြီးထဲတွင် နှင်းဆီဖြူတစ်ပွင့်ကို နင့်နင့်နဲနဲ ကျွန်တော်တို့ မြင်လိုက်ကြရသည်။ ထို့အတူ



www.burmesesclassic.com

www.burmesesclassic.com



ထိုနှင်းဆီဖြူနှင့် လွင့်လွင့်ဝဲဝဲ ဝေးကွာသွားသော လူတစ်ယောက်ကိုလည်း ကျွန်တော်တို့ မြင်နေကြရသည် မဟုတ်လား။

*x°x°x ဘယ်သူ့ကံလဲ စဉ်းစားမိတယ်*
*ကြည့်ချင်ခဲ့လည်း မကြည့်နိုင်ရဲရဲ*
*အကွယ်အဖုံးရှိမှ စောင့်မျှော်ကြည့်နိုင်သူ*
*ဘဝအထုံရေစက်က နိမ့်ကျလွန်းခဲ့တယ်*
*သြော်… နှင်းဆီဖြူရဲ့ အဝေးကလူတစ်ယောက်*
*ပါ x°x°x*

## (၂)

၄–၂–၂၀၀၀၊ သောကြာနေ့ နံနက်။

ကျွန်တော်က ကျွန်တော်၏ ရန်ကုန်သစ် အလုပ်တိုက်စားပွဲမှာ ရှိနေခဲ့သည်။ ထိုအချိန်တွင် ကျွန်တော့်နံဘေးစင်ကလေးပေါ်မှ တယ်လီဖုန်းသံက မြည်လာသည်။ ဝတ္တရားအရ တယ်လီဖုန်းကို ကျွန်တော် ကောက်ကိုင်လိုက်သည်။ တစ်ဖက်မှ စကားပြောသူက အမောတကောနှင့် "ကိုအောင်ဝေးလား၊ ကျွန်တော် မျိုးမြတ်သူပါ။ ကိုခင်ဝမ်း မနေ့က ဆုံးပြီ"ဆိုပြီး တစ်ဆက်တည်း ပြောချသွားခဲ့လေတော့သည်။



www.burmesesclassic.com

www.burmesesclassic.com



ကျွန်တော် ရတ်တရက် ချုံခိုတိုက်ခိုက်ခံလိုက်ရသူလို အငိုက် မိသွားသည်။ ကိုမျိုးမြတ်သူက ကိုခင်ဝမ်းအကြောင်း သူ ရေးထားသည့် 'တို့စားပွဲ'စာမူကိစ္စ မေးမြန်းပြောဆိုပြီး ဖုန်းချသွားသည်။ ကျွန်တော် တုန်လှုပ်ကြေကွဲစွာ ငိုင်ကျန်ရစ် သည်။ ထိုစဉ် ခဏငယ်အတွင်းမှာ ကိုခင်ဝမ်း ကွယ်လွန် သွားတယ်လို့ မခံစားရဘဲ ကျွန်တော်ကိုယ်တိုင် ကွယ်လွန် သွားတယ်လို့ ခံစားနေခဲ့ရတော့သည်။ ထိုနေ့က တစ်နေ့ လုံးမှာ ကိုခင်ဝမ်းက ကောင်းစွာရှင်သန်နေခဲ့ပြီး ကျွန်တော်က ကောင်းစွာပင် သေဆုံးသွားနေခဲ့လေသည်။

ခင်ဝမ်း။ အဆိုတော်၊ တေးရေးသူ။ ပန်းချီဆရာ။ ၁၉၄၇ – ၂၀၀၀။ ၃–၂–၂၀၀၀၊ ကြာသပတေးနေ့ ကွယ် လွန်ခဲ့ရှာသည်။ သူသည် အနုပညာကြယ်ကြီးတစ်ပွင့်။

ကိုခင်ဝမ်းကား ကြွေလေပြီ။ ကိုခင်ဝမ်းသည် သက်တော်ရာကျော် ရှည်ပါစေသတည်း။

ကိုခင်ဝမ်း ဆုံးပြီဆိုသောအခါ ကျွန်တော် အဦး အချွတ် ပထမဆုံး သတိရလိုက်မိသူမှာ ထူးအိမ်သင်ကိုပဲ ဖြစ်လေသည်။ ကျွန်တော့်မှာ ကိုခင်ဝမ်း ကွယ်လွန်ခြင်း သတင်းကို ကြားလိုက်ရပြီးသည့်နောက် တစ်ဦးတည်း မကြေကွဲတတ်တော့ဘဲ ကြေကွဲဖော်ကို ရှာမိခြင်းဖြစ်ပေ မည်။ ထိုအခါ ကြေကွဲဖော် တစ်ဦးအဖြစ် တစ်စုံတစ်ရာ ပတ်သက်ခဲ့ဖူး၊ သမိုင်းရှိခဲ့ဖူးသူအဖြစ် ထူးအိမ်သင်ကို



www.burmesesclassic.com

www.burmesesclassic.com



ကျွန်တော် ထူးထူးခြားခြား သတိရလိုက်ခြင်းသာ ဖြစ်ပေမည်လား။

ဘဝမှာ ထူးအိမ်သင်တို့၊ ကျွန်တော်တို့က ကိုခင်ဝမ်း နှင့် အတော်ပင် ပတ်သက်ဆက်နွှယ်ခဲ့ကြဖူးသူတွေ ဖြစ်လေ သည် မဟုတ်ပါလား။ ကျွန်တော်၏ စိတ်များစွာတို့သည် ထိုနေ့က နီးသောအတိတ်မှသည် ဝေးသောအတိတ်များဆီသို့ စုန်ဆန်ကူးခပ်ကာ ပြန်လည်ရောက်ရှိလို့ သွားနေခဲ့လေ တော့သည်။

နီးသောအတိတ်တစ်ခုတွင် ကျွန်တော်တို့လေးယောက်သည် ၃၄ လမ်း၊ EMG တေးရိပ်သာရှေ့၌ရပ်ကာ စကားစမြည်တွေ ပြောနေခဲ့ကြသော ညနေခင်းတစ်ခု။ ၂၀၀၀ ပြည့်နှစ်၏ နေ့သစ်များမှ နေ့တစ်နေ့။ ထူးအိမ်သင်၊ ချစ်ကောင်း၊ မောင်ဇော်သစ် (နှင်းဆီလှိုင်း)နှင့် ကျွန်တော်။ ထိုညနေခင်းသည် ထူးအိမ်သင်နှင့် ကျွန်တော်တို့ ကိုခင်ဝမ်း အကြောင်းကို နောက်ဆုံးပြောဖြစ်ခဲ့ကြသော ညနေခင်းလည်း ဖြစ်ခဲ့ပြီမဟုတ်လား။ ထိုညနေက အဆိုတော်နှစ်ယောက်၊ တေးထုတ်လုပ်သူတစ်ယောက်၊ ကဗျာဆရာတစ်ယောက်တို့၏ စကားတွေထဲတွင် ကိုခင်ဝမ်းအကြောင်းလည်း ပါလာခဲ့လေသည်။

စကားဝိုင်းသည် ကျွန်တော်၏ လက်ရွေးစင်ကဗျာများ (၁၉၈၂–၈၈) စာအုပ်မှ စကာ ထူးအိမ်သင်၏



www.burmesesclassic.com

www.burmesesclassic.com



သီချင်းဆိုတာ အကြည်ဓာတ်ကလေးရှိမှ ရေးလို့ရတာ၊ အခု သီချင်းမရေးဖြစ်တာ ကြာပြီဆိုသည့်စကားအလယ်၊ ပရိသတ် ဘယ်လိုပဲ ညံ့ညံ့ကောင်းကောင်း အနုပညာရှင် ကတော့ ပရိသတ်၏ ခံစားမှုအဆင့်အတန်းကို မြှင့်တင်ပေး နိုင်ဖို့လိုကြောင်း အဆုံး၊ စကားလုံးတွေ၊ ပင့်သက်လှိုက်မောတွေ၊ ရေစုန်ရေဆန်တွေဖြင့် ဖွဲ့တည်နေသော ထိုညနေခင်း၌ပင် ကျွန်တော်က ကိုခင်ဝမ်း ကျွန်တော်တို့အား ပြောပြခဲ့ဖူးသော စကားတစ်ရပ်ကို ထူးအိမ်သင်အား ကျွန်တော်က ပြန်ပြောပြခဲ့ခြင်း ဖြစ်ပါ၏။

တစ်ချိန်သောအခါက ဖြစ်ပါ၏။ မှတ်မှတ်ရရ ၄၅ လမ်း IVY တွင် ကိုခင်ဝမ်း၏ တစ်ကိုယ်တော် ပန်းချီပြပွဲ မတင်ဆက်သေးခင်။ ၁၉၉၇ လား၊ ၁၉၉၈ လား၊ ကိုခင်ဝမ်းသည် ပန်းဆိုးတန်း ကဖေးဆိုင်ကလေးတစ်ခုထဲတွင် ကျွန်တော်နှင့် ပိုင်သတို့အား Genius အကြောင်းကို ပြောပြနေခဲ့လေသည်။ ကိုခင်ဝမ်းက ပြောသည်။ Genius ပါရမီဆိုတာ အကန့်အသတ်ရှိကြောင်း၊ အချိန်တစ်ချိန်မှာ ပါရမီသက် ကုန်သွားတတ်ကြောင်း၊ သူကိုယ်တိုင် တစ်ခါတုန်းက ပြည်မှာ ပါရမီသက်ကုန်သွားကာ ဘာသီချင်းမှ ရေးလို့မရ၊ ဘယ်ပန်းချီကားတစ်ချပ်မှလည်း ဆွဲလို့မရတော့ဘဲ အနုပညာ သုညဘဝသို့ မှောင်အတိ ကျသွားခဲ့ရဖူးကြောင်း၊ နောက်မှ စနစ်တကျ စာတွေပြန်ဖိဖတ်ကာ



www.burmesesclassic.com

www.burmesesclassic.com



ထိုမှ အရှိန်ရလာတော့မှ သီချင်းတွေလည်း စပ်လို့ ပြန်ရလာကြောင်း၊ ပန်းချီကားတွေလည်း ဆွဲလို့ပြန်ရလာကြောင်း၊ ဆိုလိုသည်မှာ ပါရမီသက်ကုန်လျှင် ပညာသက်နှင့် ဆက်ရကြောင်း စသည်တို့ကို ကိုခင်ဝမ်းသည် ပိုင်သနှင့် ကျွန်တော့်အား စိတ်လိုလက်ရ ရှင်းပြနေခဲ့ဖူးလေသည်။

ကျွန်တော်က ပါရမီသက်ကုန်လျှင် ပညာသက်နှင့် ဆက်ရကြောင်း ကိုခင်ဝမ်း၏စကားကို ထို ၃၄ လမ်း EMG ရှေ့က ညနေခင်းမှာ ထူးအိမ်သင်တို့အား ပြန်ပြောပြခဲ့ခြင်းဖြစ်ပါသည်။ ထူးအိမ်သင်က "ကျွန်တော်တို့လည်း ပညာသက်နဲ့ ဆက်သွားနေရတာပါပဲ"လို့ ကျွန်တော့်ကို ပြန်ပြောနေခဲ့သည်။ ထိုစကားဝိုင်းတွင် ကိုခင်ဝမ်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာကို ထူးအိမ်သင်နှင့် ကျွန်တော်တို့ နောက်ဆုံးအကြိမ် ပြောဆိုခဲ့ကြခြင်းပါလား။

နီးသောအတိတ်မှာတော့ ကိုခင်ဝမ်းအကြောင်းကို ပြောဖြစ်ကြသူတို့မှာ ကျွန်တော်နှင့် ထူးအိမ်သင်တို့ နှစ်ယောက်သာပဲ ဖြစ်သော်လည်း ဝေးသောအတိတ်တွင်မှာကား ကျွန်တော်တို့ များစွာသည် ကိုခင်ဝမ်းအကြောင်းကို အများတကာ အများကြီး ပြောဆိုခဲ့ကြဖူးပေသည် မဟုတ်လား။

၁၉၈၂။ ကျွန်တော်တို့ များစွာသည် စံရိပ်ငြိမ် (၆) လမ်း၊ ယုဒသာန်ရိပ်သာဘေး၊ ဖ၀၃ ခြံကြီးရှေ့က အိမ်တစ်အိမ်၏ အောက်ထပ် အခန်းလေးထဲတွင် စုဝေးမိခဲ့ကြသော



www.burmesesclassic.com

www.burmesesclassic.com


ကာလ။ ထိုအခန်းလေး၏ ထူးခြားချက်မှာ ပုသိမ်ကောလိပ် အဆက်ဆက်ကလူများ ရန်ကုန်တွင် ပြန်လည်ဆုံစည်း စုဝေးမိကြခြင်းဖြစ်သည်။ ထိုအထဲတွင် ပုသိမ်မြို့သားလည်း ပါသည်။ ဖျာပုံမြို့သားလည်း ပါသည်။ ပြည်မြို့သားတွေ လည်း ပါသည်။ ပုသိမ်ကဆိုလျှင် နောင်တွင် ထူးအိမ်သင် အကျော်အမော် ဖြစ်လာမည့် ကျော်မြင့်လွင် (ခ) သျှပ်မှူးကျော် (ခ) သျှပ်ကလေး (ခ) ဘဲဥ၊ နေမျိုးဇော် (မင်းညိုစင်)၊ မောင်မောင် (အရိုင်းဖြူ) တို့နေသည်။ ဖျာပုံသား ဌေးအောင် (အမျိုးသားစာပေဆုရ မောင်သုန်)လည်း ရှိသည်။ ပြည်မြို့ သားတွေက ဇော်မြင့်ဦး (ယခု သီဟန်သွင်)နှင့် ကိုမောင်မောင် လွင်။ ထိုအစုအအုံကလေးထဲသို့ ကျွန်တော်က ရန်ကုန်တက္က သိုလ်မှာ မဟာဝိဇ္ဇာ နောက်ဆုံးနှစ် လာတက်စဉ် ပူးပေါင်းမိ ခြင်းဖြစ်သည်။

ပုသိမ်ကောလိပ်မှာတုန်းကလည်း (၁၉၇၃ – ၇၆) ကျွန်တော်သည် ပြည်မြို့သားများနှင့် အတော်ပေါင်းဖော်ခဲ့ ရဖူးပါသည်။ ထိုစဉ်က ပဲခူးတိုင်း အနောက်ခြမ်းက ပုသိမ်ကောလိပ်သို့ လာတက်ရပါသည်။ ပထမအကြိမ် အလည်ရောက်ရှိခြင်း (၁၉၇၆–၇၈)တွင်လည်း ကျွန်တော် သည် ပြည်သားများဖြစ်ကြသည့် ကိုမြ (ယခု ကွယ်လွန်)၊ စိုးသန်း (ယခု ပွဲရုံ)၊ မြင့်သန်းဌေး (ယခု ရန်ကုန်မှာ)၊ ပြည်ခရိုင်ထဲက ပေါင်တည်သား စိန်ဝင်းမောင် (ယခု


www.burmesesclassic.com

www.burmesesclassic.com



ရန်ကုန်မှာ)၊ ပေါင်းတလည်သား အောင်ဌေးမြင့် (ယခု ကျောင်းဆရာ) တို့နှင့်အတူ ပုသိမ်တောရကို ဖြတ်သန်းခဲ့ရဖူးသည်။ ၁၉၇၉ နှစ်သစ်ဆန်း (ကျွန်တော် ပထမအကြိမ်အိမ်ပြန်ရောက်ပြီးနောက်)တွင် မြောင်းမြသား မောင်စိုးသစ်၊ တေးရေး ဝိုင်းမောင်တို့နှင့်အတူ ပြည်မြို့သို့ ပထမအကြိမ်အလည်ရောက်ခဲ့သည်။ အမှတ်တရဖြစ်စွာ ပြည်မြို့က အရက်ဆိုင်တစ်ဆိုင်၏ ညမှာ ကျွန်တော် စားပွဲခုံပေါ်တက်ပြီး ကဗျာရွတ်ဆိုခဲ့ဖူးသည်။ ပြည်မြို့က ပန်းခြံတစ်ခုထဲက ညမှာထိုင်ပြီး ကျွန်တော်တို့ ထားရစ်ခဲ့သော ပုသိမ်မြို့က နရသိန်ညများအကြောင်းကို ကျွန်တော်တို့ လွမ်းဆွတ်ခဲ့ကြဖူးသည်။ ထိုအချိန်မှာ ဆောင်းတွင်းကြီးဖြစ်ပါသည်။

နောင်အခါ ကျွန်တော် မဟာဝိဇ္ဇာတက်ရန် ရွှေမြစ်ကမ်းမှ ရောက်လာခဲ့သော စံရိပ်ငြိမ်အခန်းလေးထဲတွင် ကြိမ်ဖန်များစွာ နေ့နေ့ညည စိတ်နှင့်ကိုယ်၊ ကိုယ်နှင့်စိတ် ခွဲမရခြားမရ နားထောင်လာရသော ကိုခင်ဝမ်း၏ သီချင်းသည် ထိုစဉ်က ၁၉၇၉ ခုနှစ် ပြည်မြို့၏ ဆောင်းဥတုကို ပြန်ပြန်သတိရ လွမ်းဆွတ်စရာ ဖြစ်လာစေပါတော့သည်။

*x˚x˚xတစ်လောကလုံးမှာ ခရမ်းနုရောင်ကလေးတွေ*
*မှိုင်းမှိုင်းဝေနေ*
*နှင်းဝတ်မှုန်တွေရဲ့ အတားအဆီးမဲ့ နယ်ကျွံမှုတွေ*
*ရင်ခွင်မှာ တွယ်ငြိလာတဲ့ အတိတ်ဆိုတဲ့ကမ္ဘာ*



www.burmesesclassic.com

www.burmesesclassic.com



*အနေဝေး ရေဝေးမှာ ဆုံးရှုံးသွားရတော့မယ့် ပြည်မှာ*

*ဆောင်း*

*ပြန်သင့် မပြန်သင့် ဆုံးဖြတ်ခွင့်မရှိတော့တဲ့ ပြည်မှာဆောင်း* x°x°x

စံရိပ်ငြိမ် အခန်းဖော်တချို့က ပြည်မြို့သားတွေဖြစ်နေတာကတစ်ကြောင်း၊ ကျွန်တော်တို့ ပုသိမ်ကောလိပ်အဆက်ဆက်က လူတွေကလည်း ခင်ဝမ်း ခရေဇီတွေဖြစ်နေတာကတစ်ကြောင်း၊ အကြောင်းကြောင်းတို့ကြောင့်ထိုစဉ်က ကျွန်တော်တို့၏ အခန်းကလေးထဲတွင် ကိုခင်ဝမ်း၏ သီချင်းသံများက အဓိက ဆေးရောင်စုံ တောက်ပနေခဲ့တော့လေသည်။

အခန်းမှာ ဂစ်တာနှစ်လက်ရှိသည်။ တစ်လက်မှာ ထူးအိမ်သင်ဖြစ်လာမည့် ပရိထူးအိမ်သင်က တီးသည်။ (နောင်အခါ ထိုဂစ်တာ လူအခိုးခံရသည်) နောက်တစ်လက်ကို ကျန်သည့်ကြုံရာလူ ကောက်တီးသည်။ (ထိုအချိန်ခိုင်ထူးခေတ်၊ မိုးကျော်တို့၊ သန်းငွေတို့ တေးရေးနာမည်ကြီးချိန်၊ ပရိထူးအိမ်သင်ရေးတဲ့ သီချင်း ဈေးအနှိမ်ခံရ၍ ပေါက်ကွဲကာ ထိုဂစ်တာကို ပရိထူးအိမ်သင် ရိုက်ချိုးပစ်ခဲ့သည်) ထိုစဉ်က ဘယ်သူတွေ ဘာတီးလိုက် တီးလိုက်နေ့နေ့ညည၊ မွန်းလွဲ၊ သန်းခေါင်၊ အရုဏ်၊ ညနေ ကိုခင်ဝမ်းသီချင်းတွေချည်း ဖြစ်လို့နေခဲ့သည်မှာ ယခုအခါ



www.burmesesclassic.com

www.burmesesclassic.com



ကျွန်တော် ပြန်စဉ်းစားသည့်အခါ ကြေကွဲပီတိကို ခံစားလိုက်ရပါသည်။

ဇော်မြင့်ဦး (သီဟန်သွင်)နှင့် ကိုမောင်မောင်လွင်၊ ပြည်မြို့ သားနှစ်ယောက်ကလည်း –

***x ˚x ˚x ဒီည အိပ်မရတဲ့ည***
***ဒီလိုပဲ ထိုင်ရင်းနဲ့ မိုးအလင်းစောင့်ရမယ့် အခြေအနေ***
***တစ်ကမ္ဘာလုံးမှာ ကိုယ်တစ်ယောက်တည်း ရှိနေသလို***
***ခံစားရတော့ စိတ်ထဲမှာ တစ်မျိုးပဲ x ˚x x***

ပရီထူးအိမ်သင်ဖြစ်ဖြစ်၊ နောက်ထပ် ဘယ်သူဖြစ်ဖြစ် ဂစ်တာကို ကောက်ကိုင်လိုက်တာနဲ့ –

***x ˚x ˚x တောင်ကုန်းလေးတစ်ခုပေါ်ကို တက်လှမ်း***
***တော့ လမ်းခရီးမှာ ကျေးငှက်တွေကို အဖော်ပြုခဲ့တယ်***
***ရေတွင်းလေးတစ်ခုကိုတွေ့တော့ ရေငင်သောက်ရင်း***
***တွင်းထဲငုံ့ပြီး နှင်းရေ... လို့ အော်ခဲ့တယ် x ˚x ˚x***

ထို့နောက်တွင် အဆုံးစွန်ပင် ကျွန်တော်တို့၏ ထိုစံရိပ်ငြိမ် အခန်းလေးထဲတွင် ကိုခင်ဝမ်းနှင့် နေ့ညအရက်ဆည်းဆာဦး ဖြတ်သန်းကြီးပြင်းခဲ့ကြကာ နောက်ဆုံးတစ်နေ့ အခန်းဖော်တစ်ဦးဖြစ်သူ နေမျိုးဇော် (မင်းညိုစင်) နှင်းတွေထဲမှာပင် အရှေ့မြောက်ပိုင်း တောင်တန်းများပေါ်သို့ အပြီးတိုင် ထွက်ခွာသွားခဲ့လေသောအခါ ကျန်ရစ်ခဲ့လေသော ထူးအိမ်သင်တို့၊ ကျွန်တော်တို့ နှလုံးသားဝယ် ရိုက်ခတ်မြည်



www.burmesesclassic.com

www.burmesesclassic.com



ဟဲဒီ ကျန်ခဲ့သည့် သီချင်းသံကလည်း ကိုခင်ဝမ်း၏ သီချင်းသံပဲဖြစ်နေခဲ့သည် မဟုတ်ပါလား။

*x ̊x ̊x နှုတ်ဆက်ခဲ့ပါတယ် ကျွန်တော် သွားတော့*
*မယ် လမ်းရဲ့သယ်ဆောင်ရာ ဟိုအဝေးကို အဝေးကို*
*လွမ်းတတ်ရင်လည်း လမ်းမှာပဲ လွမ်းတော့မယ်*
*လေထန်ရင်လည်း လေဆန်ကိုလျှောက်မယ်*
*နေပူမှာ ခြေပူခံမယ် x ̊x ̊x*

ကျွန်တော်က အတိတ်သို့ ပြန်စဉ်းစားနေခဲ့သည်။ အခုတော့ ကိုခင်ဝမ်းက ကျွန်တော်တို့ကို နှုတ်ဆက်ထွက်ခွာ သွားခဲ့ပြီ ဖြစ်လေသည်။

ကိုခင်ဝမ်း၏ ဈာပနကို ပို့ဆောင်ခဲ့သည့်နေ့ကလည်း ဆရာ ကာတွန်းသော်ကသည် ကိုခင်ဝမ်းကို နောက်ဆုံးနှုတ် ဆက်ဆုတောင်းစကား ပြောရာတွင် ကိုခင်ဝမ်း၏ သီချင်း ထဲမှ စကားလုံးများကိုပင် ထုတ်နုတ်သုံးစွဲကာ ကြေကွဲဆွတ် ပျံ့ဖွယ် ပြောကြားသွားခဲ့သည် မဟုတ်ပါလား။

*x ̊x ̊x ငိုကြွေးခြင်းကို စွန့်လွှတ်ခဲ့ပြီ*
*အားလုံး အဆင်ပြေသွားမှာပါ*
*ကံကြုံရင် ပြန်ဆုံကြဦးမယ်*
*ပျော်ရွှင်ပါစေလို့ ဆုတောင်းပါတယ်*
*ကျွန်တော် သွားတော့မယ်*
*အားလုံးကို ခွဲထားရစ်ခဲ့ပြီ*



www.burmesesclassic.com

www.burmesesclassic.com



*အရာရာကို စွန့်လွှတ်ထားခဲ့ပြီ*
*တစ်ချိုးတစ်ကွေ့ တွေ့ကြရင်*
*ခွဲခွာဖို့ ရင်နာဖို့ ကြုံခဲ့ပြီ x°x°x*

ကိုခင်ဝမ်းကား ကြွေလေပြီ။ ကိုခင်ဝမ်းသည် သက် တော်ရာကျော် ရှည်ပါစေသတည်း။

(၃)

*x°x°xအနေဝေး ရေဝေးမှာ ဆုံးရှုံးသွားရတော့မယ့် ပြည်မှာဆောင်း*

*အနေဝေး ရေဝေးမှာ ဆုံးရှုံးသွားရတော့မယ့် ပြည်မှာ*

*ဆောင်းx°x°x*

ရေဝေးသုသာန်၌ ကိုခင်ဝမ်း၏ ရုပ်အလောင်းကို ပို့ဆောင် ခဲ့ရသောနေ့မှာ စနေနေ့ဖြစ်သည်။ ထိုမှ ကြေကွဲသော၊ ဝမ်းနည်းအားငယ်သော တနင်္ဂနွေတစ်နေ့လုံးကို ကျွန်တော် ဖြတ်သန်းခဲ့ရသည်။ ထိုတနင်္ဂနွေနေ့မှာလည်း ကိုခင်ဝမ်း သေဆုံးသွားသည်ကို ကျွန်တော်ကိုယ်တိုင် သေဆုံးသွားရ သလို ခံစားနေခဲ့ရပြန်လေသည်။ ကျွန်တော်ကကြေကွဲဖော် အဖြစ် ထူးအိမ်သင် (ပို့စ်ထူးအိမ်သင်)ကို သတိရနေခဲ့သည်။ ထိုရက်များက ထူးအိမ်သင်သည် မန္တလေးရွှေမြို့တော်



www.burmesesclassic.com

www.burmesesclassic.com



မြို့မစိန်ရတုပွဲသဘင် စင်မြင့်ပေါ်၌ သီချင်းဆိုနေခဲ့လေသည်။ ကိုခင်ဝမ်း သတင်းကို ကြားသည့်အခါ သူလည်း ကြေကွဲဆို့နစ်ကာ နှမြောတသ လွမ်းဆွတ်နေခဲ့ပေတော့မည်။

ကျွန်တော်သည် နောက်ပိုင်းတွင် ဆရာသုခမိန်လှိုင်၊ ဆရာမောင်ချောနွယ်၊ ကိုဆွေ၊ ဇာတ်ညွှန်းရေးဆရာ ဒီနေ . . . စသည်ဖြင့် ပြည်မြို့နှင့် ပတ်သက်သူများနှင့် ခေတ်အဆက်ဆက် အစဉ်တစိုက် ပေါင်းဖော်မိကာ ပြည်မြို့စားကြီး ခင်ဝမ်း၏ ပန်းချီများ၊ သီချင်းများနှင့် ထိတွေ့ရင်းနှီးနေခဲ့သော်လည်း ကိုခင်ဝမ်းနှင့် လူကိုယ်တိုင် တွေ့ဆုံရင်းနှီးခဲ့သည်မှာ ၁၉၉၅ လောက်တွင်ကမှ ဖြစ်ပါသည်။ ကိုခင်ဝမ်းနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးခဲ့သူမှာ ညီမလေး နှင်းဝေမြိမ်း ဖြစ်ပါသည်။

ကိုခင်ဝမ်းနှင့် ကျွန်တော် လူချင်းစတွေ့သည့်နေ့က မြေနီကုန်းတွင် မိုးတွေလည်း ရွာနေခဲ့မည်ထင်သည်။



www.burmesesclassic.com

www.burmesesclassic.com



## (၄)

၇–၂–၂၀၀၀၊ တနင်္လာနေ့၊ အမျိုးသားစာကြည့်တိုက်။

*x°x°x တိမ်တိုက်တွေရဲ့အဆုံး*

*... ... ... ... ...*

*မဟာသဘာဝရှင် ဧရာဝတီ*

*... ... ... ... ...*

*မြစ်မင်းဟာ ခရီးဆက်ခဲ့ပြီ x°x°x*

ထိုနေ့က ခင်ဝမ်း၏ ဧရာဝတီမြစ်ကြီးနှင့်အတူ ကျွန်တော် အမျိုးသားစာကြည့်တိုက် လှေကားထစ်တွေပေါ် နင်းတက်ခဲ့သည်။ ထိုနေ့က ခင်ဝမ်းကဗျာတစ်ပုဒ်ကို ရင်ခုန်ခြင်းကြီးစွာ မွှေနှောက်ရှာဖွေပြီး အမျိုးသားစာကြည့်တိုက်ကြီးပေါ်မှ ကျွန်တော် ပြန်ဆင်းလာခဲ့သည်။



www.burmesesclassic.com

www.burmesesclassic.com



ကိုခင်ဝမ်း ဈာပနနေ့ကို ကျွန်တော် ပြန်မြင်ယောင်သည်။ ထိုစဉ်က ကျွန်တော်တို့ ကြေကွဲနေခဲ့ကြသည်။ ထိုနေ့က ရေဝေးသုသာန်တွင် ကျွန်တော်တို့သည် လူနှစ်ယောက်၏ ဈာပနကို တစ်ချိန်တည်း တစ်ပြိုင်နက်တည်းမှာ ပို့ဆောင်ခဲ့ကြရခြင်းဖြစ်သည်။ ထိုလူနှစ်ယောက်မှာ ခင်ဝမ်းနှစ်ယောက်ပင်ဖြစ်သည်။ ထိုခင်ဝမ်းနှစ်ယောက်တွင် တစ်ယောက်က လူသာမန်အဖြစ်နှင့် လူပီသစွာ အမှားအယွင်းမကင်းဘဲ ဘဝကို လျှောက်လှမ်းသွားခဲ့ပြီး အခြား ခင်ဝမ်းတစ်ယောက်သည်ကား အဆိုတော်၊ တေးရေးသူ၊ ပန်းချီဆရာ၊ အနုပညာတစ်လုံးတစ်ဝနှင့် ပညာရှင်ပီသစွာ အမှားအယွင်းကင်းကင်းဖြင့် ဖြတ်သန်းသွားခဲ့ပြီ ဖြစ်သည်မဟုတ်လား။

အမျိုးသားစာကြည့်တိုက်ကြီးဆီမှ ပြန်လာသောလမ်းတွင်ကား ကျွန်တော်သည် ကိုခင်ဝမ်း၏ **'နှစ်ယောက်'** ကဗျာ (ရွက်နုဝေ၊ဩဂုတ် ၁၉၉၅)ထဲကိုပဲ နှစ်နှစ်မျောမျော ခံစားတွေးတောနေခဲ့မိလေသည်တကား။

"မနက်စောစော လမ်းလျှောက်ခြင်းကို
သင်ယုံကြည်သလားလို့ ပြတင်းပေါက်က မေးလိုက်တယ်
တွေဝေစိတ်နဲ့ လှည့်ကြည့်လိုက်တော့
ကြည်လင်တဲ့မှန် ၆ ချပ်ကိုဖြတ်ပြီး တိမ်ညိုတွေဟာ



www.burmesesclassic.com

www.burmesesclassic.com



ချိန်းထားသူရှိနေသလို သွားနေတာကို တွေ့လိုက်
ရတယ်။
သင်ဟာ အကြင်နာကို တောင့်တနေသလားလို့
ခေါင်မိုးက မေးလိုက်တယ်
စိတ်က ခေါင်မိုးဆီရောက်သွားတော့ ခေါင်မိုးပေါ်
မိုးတဖြောက်ဖြောက်ကျသံ ကြားလိုက်ရတယ်။

တကယ်တော့ ကျွန်တော်ဟာ
အိပ်ရာတစ်ခုပေါ် အိပ်နေတာမဟုတ်ဘဲ
ရုံးခန်းတစ်ခုရဲ့ စားပွဲပေါ်မှာ အိပ်နေတာပါ”

**[မြားနတ်မောင်၊ မတ် ၂၀၀၀]**



www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com



## ခင်ဝမ်းနှင့် ကြီးပြင်းခြင်း

ဆိုစည်းနေကျ တနင်္ဂနွေနေ့များမှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဒီဇင်ဘာ ၂၀ ကဗျာကဖေးတေးရီးယားကလေးမှာ ဖေဖော်ဝါရီ ဖြတ်သန်းသွားပါတယ်။ အေဒီ ၂၀၀၀ ပြည့်နှစ်ရဲ့ နေ့ဦးများမှာတော့ ကမ္ဘာ့အတိုင်းအတာနဲ့ချီတဲ့ သုံးသပ်ဆန်းစစ်ချက်တချို့ကို ကျွန်တော်တို့ သိမြင်ဖတ်ရှုလိုက်ကြရပါပြီ။

တစ်ခုကတော့ ကမ္ဘာကျော် Time မဂ္ဂဇင်းကြီးက နေပြီး ၂၀ ရာစုနဲ့ အကောင်းဆုံး အနုပညာများဆိုပြီး ရွေးချယ်တင်ပြလိုက်တဲ့ အချက်ဖြစ်ပါသည်။ အဲဒီအထဲမှာ ကဗျာနဲ့ပတ်သက်လို့…

**အကောင်းဆုံးကဗျာ (Best Poem)**

တီ၊ အက်စ်၊ အဲလိယော့၏ 'ဖုန်းဆိုးမြေ'

The Waste Land by T.S.Eliot



www.burmesesclassic.com

www.burmesesclassic.com



**ဒုတိယလိုက်သည့် အကောင်းဆုံးများ (Runners - Up)**မှာ The Second Coming by W.B.Yeates နှင့် Home Burial by Robert frost တို့ဖြစ်သည်။

အဲလီယော့၏ 'ဖုန်းဆိုးမြေ'ကို ပထမကမ္ဘာစစ်၏ စိတ်ပျက်ဖွယ်ရာ မြင်ကွင်းများကို ဆက်စပ်ရေးဖွဲ့ထားပြီး ခေတ်ပေါ်ကဗျာ မှတ်တိုင်စိုက်နိုင်ခဲ့သည့် ကဗျာဟု Time မဂ္ဂဇင်း ရွေးချယ်သူတို့က ဖော်ပြထားပါတယ်။ ဒီကဗျာရှည်ကြီးကို ၁၉၂၂ က ထုတ်ဝေခဲ့တာပါတဲ့။ (Time 31-12-1999)

တီ၊ အက်စ်၊ အဲလီယော့ရဲ့ အဲဒီ The Waste Land ကဗျာနဲ့ပတ်သက်လို့ ကျွန်တော်တို့ကို ဆရာမောင်သာနိုး မိတ်ဆက်ပေးခဲ့ဖူးတဲ့ အနည်းအကျဉ်းလောက်ကိုလည်း ဖတ်ခဲ့ကြရပါတယ်။

"သူ့ 'ကန္တာရ'ဟာ နယူးအင်္ဂလန်မှာ ကြုံခဲ့ရတဲ့ စိတ်ဓာတ်ရေး 'ငတ်မွတ်ခေါင်းပါးမှု'ကို ဖော်ကျူးထားခြင်းဖြစ်တယ်။ ဒါပေမဲ့ လန်ဒန်နဲ့တကွ ခေတ်ပေါ်မြို့ကြီးတိုင်းမှာ ဒီ 'ကန္တာရ'ကို တွေ့နိုင်ပါတယ်တဲ့။ သန်းပေါင်းများစွာသော လူတွေဟာ အနှစ်သာရမရှိတဲ့ ရုံးလုပ်ငန်းတွေလုပ်နေရ၊ အကျိုးအမြတ်မရှိတဲ့ လုပ်ငန်းတွေမှာ မိမိတို့ဝိညာဉ်များကို မြှုပ်နှံနေရ၊ ပျော်ရွှင်မှုဆိုတာတွေကလည်း



www.burmesesclassic.com

www.burmesesclassic.com



သိမ်ဖျင်းယုတ်ညံ့မှုနဲ့ အထီးကျန် သွေ့ခြောက်တဲ့ ဒေသ တစ်ခုမျှမဟုတ်ဘဲ မင်းမဲ့ဝါဒ အုပ်စိုးရာ၊ ယုံစားဒွိဟကြီးစိုးရာ ဖြစ်နေပါတော့တယ်။ စည်းကမ်းတို့၊ ယုံကြည်ချက်တို့လည်း ပျက်ကုန်ပြီ။ လုပ်သမျှမှာ ယုံကြည်မှုလည်းမရှိ။ ဒါကြောင့် စိတ်လည်းမပါ၊ စေတနာလည်းမပါ” (ထင်းရှူးပင်ရိပ်၊ ဒု–ကြိမ်၊ ၁၉၉၈၊ ရာပြည့် စာအုပ်တိုက်၊ စာ–၁၈၀)

အဲလိယော့နဲ့ ပတ်သက်လို့ ပညာရှင်တို့ ဆိုတာ ကတော့ သူ (အဲလိယော့)ဟာ ဒန်တီကို ကျကျနန လေ့လာတယ်။ (ဂန္ထဝင် လေ့လာတာကို ဆိုလိုတာပါ) ကဗျာရဲ့ ဂီတကို ပိုင်နိုင်တယ်။ ဒါတွေဟာဖြင့် သူ့ကဗျာ နည်းနိသျရည်းရဲ့ လျှို့ဝှက်ချက်များပါပဲတဲ့။

ဒုတိယဆန်းစစ် သုံးသပ်ချက်အနေကတော့ အခု ဒုတိယထောင်စုနှစ် (၁၀၀၁ – ၂၀၀၀) အတွင်းမှာ ဩဇာ အလွှမ်းမိုးနိုင်ဆုံး ဂီတနဲ့ ဂီတဖန်တီးသူ (၁၀) ဦးစာရင်းပါ။ ဒီစာရင်းမှာ ပထမစွဲသူက ဗီသိုဗင်ဖြစ်ပြီး ဒုတိယ လိုက်သူ ကတော့ ဘော့ပ်ဒိုင်လန်ပါတဲ့ခင်ဗျာ။

ဘော့ပ်ဒိုင်လန်ဟာ တေးရေးတေးဆို တစ်ယောက် ပါ။ သီချင်းကို ကဗျာရွတ်သလို ဆိုတတ်တဲ့သူရယ်လို့ ဝိသေသ အပြုခံရသူ ဖြစ်ပါတယ်။ အင်္ဂလိပ်ကဗျာဆရာကြီး ဒိုင်လန်တောမတ်စ် (၁၉၁၄ – ၁၉၅၃)ကို လေးစားလို့ သူ့အမည်ကို ယူထားတာပါတဲ့။ (‘ဒိုင်လန်’ဆိုတာ ဝေလ



www.burmesesclassic.com

www.burmesesclassic.com



ဘာသာစကားမှာ ပင်လယ်လို့ အနက်ရတယ်တဲ့)

နောက်တစ်ခါ တတိယ သုံးသပ်ချက် ဆန်းစစ်ချက်ကတော့ ကွယ်လွန်သူ ဘီတဲလ်အဆိုတော် ဂျွန်လဲင်နွန်ရဲ့ Imagine သီချင်းကို The Song of the Century, the Hope for the Millennium လို့ ညွှန်းဆိုတဲ့အချက်ပါ။ ဂျွန်လဲင်နွန်ရဲ့ အဲဒီ 'စိတ်ကူး' သီချင်းဟာ စကားလုံးတွေအနေနဲ့လည်း အင်မတန် ကဗျာဆန်ပါတယ်။ ကဗျာဆန်တဲ့စကားလုံးတွေကို ဂီတသံနဲ့ ပေါင်းစပ်ထားတဲ့အပြင် အလွန်မတန်မှလည်း ဖီလိုဆိုဖီရောမန္တိကဖြစ်တဲ့ သီချင်းတစ်ပုဒ်ပါပဲ။

အဲဒီလို ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာကဖေးတေး ရီးယား ကလေးကနေပြီး ကမ္ဘာနဲ့ချီတဲ့ 'ကဗျာရဲ့ဂီတ' ဆိုပါတော့၊ အဲဒီအကြောင်းကို ဆွေးနွေးပြောဆိုမိကြတဲ့ အချိန်မှာပဲ ကျွန်တော်တို့ဆီမှာ ကဗျာဆန်တဲ့ ဂီတတွေကို ဖန်တီးခဲ့တဲ့ ဆရာခင်ဝမ်း (၁၉၄၇ – ၂၀၀၀) ၃–၂–၂၀၀၀ နေ့က ကွယ်လွန်သွားခဲ့တာကို ကျွန်တော်တို့ ဝမ်းနည်းဆို့နစ်ကြေကွဲစွာ ကြုံဆုံရင်ဆိုင်လိုက်ရပါတော့တယ်။ ခေတ်ပေါ်အနုပညာအတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှုကြီးတစ်ခုအဖြစ် ကျွန်တော်တို့ ဒီဇင်ဘာ ၂၀ ကဗျာဖတ်သူများ ခံစားကြရပါတယ်။

ဘော့ပ်ဒိုင်လန်တို့၊ ဂျွန်လဲင်နွန်တို့ သီချင်းတွေဟာ



www.burmesesclassic.com

www.burmesesclassic.com



ကဗျာဆန်သလို ဆရာခင်ဝမ်းရဲ့ သီချင်းတွေကလည်း ကဗျာဆန်ပေတာပဲပေါ့။ ဆရာခင်ဝမ်းဟာ မြန်မာသီချင်းတွေကို အနောက်တိုင်း တူရိယာနဲ့ မြန်မာအဆန်ဆုံး ရေးဖွဲ့သီဆိုသွားတယ်လို့ ဆိုကြရာမှာ နောက်ထပ်လည်း ဆရာခင်ဝမ်းဟာ တစ်နည်းအားဖြင့် ကဗျာတွေကို ဂီတဆန်အောင် ဖန်တီးနိုင်ခဲ့တဲ့သူပါ။ အဲဒီသဘောရဲ့ အကောင်းဆုံး သာဓကအနေနဲ့ ဆရာခင်ဝမ်းကိုယ်တိုင်ရဲ့ အကြိုက်ဆုံး (ကိုယ်တိုင်ရေး/ဆို) သီချင်းတစ်ပုဒ်ဖြစ်တဲ့ 'နှင်း'မှာတွေ့ကြရပါတယ်။

## နှင်း

**Intro°:** D Em G A A G Gbm Em D

Bm Gbm G

တောင်ကုန်းလေးတစ်ခုပေါ် တက်လှမ်းတော့

G Gbm G A

လမ်းခရီးမှာ ကျေးငှက်တွေကို အဖော်ပြုခဲ့တယ်

G Gbm G A G

Gbm

ရေတွင်းလေးတစ်ခုကိုတွေ့တော့ ရေငင်လို့သောက်ရင်း

D Bm Gbm Em A7

တွင်းထဲကိုငုံ့ပြီး နှင်းရေလို့ အော်ခဲ့တယ်

Bm Gbm G Gbm

ကြာပန်းပွင့်တွေ ပြည့်နေတဲ့ ချစ်ရေကန်ကိုလည်း



www.burmesesclassic.com

www.burmesesclassic.com



G Gbm G Gbm
မဖြတ်သန်းနိုင်ခဲ့ပါ နှင်းရယ် ဘေးကကွေ့ရှောင်လို့သာ
G A7 D Em Gbm D
သွားဖို့တတ်နိုင်ခဲ့ပြီ မြင်ရုံနဲ့ ကျေနပ်နေတတ်ပြီ
Dm
Em
CHO: နေမကွယ်သေးတဲ့ ညနေခင်းမှာ ရင်ခုန်ငြိမ်းတဲ့အခါ
Bm Gbm Gbm G G
လျှော့ရဲတဲ့ အပြုံးလေးကို ကိုယ်လည်း ပြန်ပြုံးပြနိုင်မှာ
Em/G Bbm/A
(ဘယ်တော့များလဲ နှင်းရယ်)၂

BURMESE CLASSIC .com

A G Gbm D
ပြာလဲ့ရင်းနှီးတဲ့ ပင်လယ်ကို အခုတော့ နှင်းတစ်ယောက်
တည်း ငေးမောမျှော်ကြည့်နေရမယ် ရေလှိုင်းလေးတို့ရယ်
နှင်းအတွက်ကို ကိုးကွယ်မိသူရဲ့ အရိပ်အယောင်များ
အလွမ်းဖြေဖို့ သယ်ယူသွားပါ တစ်ယောက်တည်းထားခဲ့ရသူ
အဖို့မှာ ခံစားရပုံတွေ နားလည်နိုင်ခဲ့ပေါ့ နှင်းရယ်
ကိုယ်လည်း နှင်းကိုလွမ်းတယ် အခုတော့ ပင်လယ်ပဲရှိတယ်
ပင်လယ်ဟာ ကိုယ်ပဲ ယုံမှားနေရော့မယ်
CHO: SOLO CHO:

ဒီလိုနဲ့...။

နှင်းမပွဲသေးတဲ့ ဆောင်းရက်များမှာ ကျွန်တော်တို့
တွေ စိတ်အနာတရတချို့နဲ့ပဲ (၂၀၀၀ ပြည့်နှစ်) ဖေဖော်



www.burmesesclassic.com

www.burmesesclassic.com



ဝါရီလထုတ် မဂ္ဂဇင်းကဗျာတွေထဲ ဖတ်ခဲ့ကြတဲ့အခါ အရင်ဆုံး ကျွန်တော်တို့ဟာ ကျွန်တော်တို့ခေတ်မှာ သီချင်းတကော့ သီချင်းတွေနဲ့ ကြီးပြင်းဖြတ်သန်းခဲ့ကြတာပါလားဆိုတဲ့ အသိနဲ့ ခံစားလိုက်ရတဲ့ ကဗျာကတော့–

**ဂစ်တာနဲ့ လူငယ်များ**

ညလမ်းမပေါ်မှာ
ဂစ်တာထမ်းပြီး ထွက်လာကြတယ်
ကောင်းကင်က ကြယ်တွေကို
သူတို့ပဲ မြင်နိုင်တယ်
အမှောင်ထုထဲက အိပ်မက်တွေကို
စမ်းတဝါးဝါး ရှာဖွေရင်း
သီချင်းတွေနဲ့ သူတို့ကြီးပြင်းကြတယ်
ငယ်ဘဝကြယ်တွေက
ဝေးဝေးမှာ ကျန်ရစ်ခဲ့တဲ့အခါ
သူတို့ဂစ်တာသံလည်း တိတ်ဆိတ်သွားတယ်
အဲဒီအခါ သူတို့သီချင်းတွေကလည်း
အိပ်မက်ကို မရှာဖွေတော့ဘူး။

**ပိုင်**

**[ရုပ်ရှင်တေးကဗျာ၊ ဖေဖော်ဝါရီ ၂၀၀၀]**

အမေရိကရဲ့ မျိုးဆက်သစ်ဟာ ဘော့ပ်ဒိုင်လန်နဲ့ ကြီးပြင်းလာခဲ့တယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ဟာလည်း



www.burmesesclassic.com

www.burmesesclassic.com



ခင်ဝမ်း အစရှိသဖြင့် သူတို့နဲ့ ကြီးပြင်းခဲ့ကြတာပဲ ဖြစ်တယ် မဟုတ်လား။ ။

[ချယ်ရီ၊ မေ ၂၀၀၀]



www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

www.burmesesclassic.com



## ခင်ဝမ်းလမ်း

ကြည့်လိုက်စမ်း
ခရမ်းနုရောင်အနမ်းသားမှာ
တစ်ခြမ်းလုံး
ကြွေနေတာ
သီချင်းရွက်တွေလား။

တစ်ချက်တစ်ချက်
လွမ်းဖွေ့ဖွေ့တယ်
စိတ်က
ရွေ့တယ်ဆိုရုံကလေး
မျက်ရည်သစ်ပင်။

နှင်းရယ်...
ရင်ဘတ်အောက်က



www.burmesesclassic.com

www.burmesesclassic.com



ငွေကြယ်
ဘယ်မှာဝှက်ထားခဲ့သလဲ
ပခုံးပါးမှီ
ဒီမှာ
တယောကျိုးလေး တစ်လက်နဲ့ပဲ
အိပ်မက်ဟာ
လမ်းဖြစ်ခဲ့ပြီ။ ။

(ခင်ဝမ်းကွယ်လွန်ခြင်း ၂ နှစ်ပြည့်၊ ၃–၂–၂၀၀၂)
**[ရုပ်ရှင်တေးကဗျာ၊ ဇန်နဝါရီ ၂၀၀၂]**



www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

www.burmesesclassic.com



## ခရမ်းနုရောင်နှင်း

*တစ်လောကလုံးမှာ*
*ခရမ်းနုရောင်ကလေးတွေ*
*မှိုင်းမှိုင်းဝေနေ…။*

ကျွန်တော်တို့ခေတ်မှာ ကျွန်တော်တို့ဟာ ကိုခင်ဝမ်းကို ရလိုက်တာဟာ ဘာနဲ့မှ မလဲနိုင်တဲ့ ဆုလာဘ်တစ်ခုလိုပါပဲ။

ကျွန်တော် ဒီစကားပြောရင် တချို့က လွန်တယ်ထင် ကြဦးမှာလား။

ကိုခင်ဝမ်းဟာ ကြီးမြတ်သော အနုပညာသည်တစ်ယောက်ပါ။ ကြီးမြတ်သောဆိုတဲ့ ဝိသေသနဟာ သာမန်အားဖြင့်တော့ စကားလုံး တစ်လုံးပါပဲလို့ သာမန်ပဲထင်စရာပါ။ ဒါပေမဲ့ စကားလုံးနောက်မှာ အဘိဓမ္မာရှိပါတယ်။ စကားလုံးထဲမှာ ရာဇဝင်ရှိပါတယ်။



www.burmesesclassic.com

www.burmesesclassic.com



ကိုခင်ဝမ်း သီချင်းတွေ

ကိုခင်ဝမ်း ပန်းချီတွေ

ကိုခင်ဝမ်း စာတွေ ကဗျာတွေ

အားလုံးဟာ ကြီးမြတ်တယ်ဆိုတဲ့ စကားလုံးနောက် ကွယ်က အဓိပ္ပာယ်ရှိတဲ့အရာတွေပဲ မဟုတ်ပါလား။

ကိုခင်ဝမ်း မရှိတော့မှ ကိုခင်ဝမ်းရဲ့ တန်ဖိုးတွေကို ကျွန်တော် ပိုပြီး တမ်းတလာတယ်။ သူ သေဆုံးသွားတဲ့ အခါ ကျွန်တော်(တို့) ကြေကွဲတသနမြောခဲ့ရတယ်။ သူ မရှိတော့ဘူးဆိုတော့မှ သူ့အနုပညာ၊ သူ့အယူအဆတွေကို ပိုပြီး တန်ဖိုးထား လေးစားရကောင်းမှန်း ကျွန်တော် သိလာတာပါ။ ဒါကို ကျွန်တော် ဝန်ခံပါတယ်။

သေမှ လွမ်းတယ်တော့ မဟုတ်ပါ။

မသေခင်ကတည်းက ကျွန်တော် (တို့) ကိုခင်ဝမ်းကို အရင်လွမ်းနှင့်ခဲ့ကြတာပါ။

ကျွန်တော်တို့ ဘဝဖြတ်သန်းမှုထဲက ထင်ရှားတဲ့ ပုံရိပ်ကလေး နှစ်ခု၊ သုံးခုလောက် ကျွန်တော် ထုတ်ပြပါ့မယ်။

## ပထမပုံရိပ်

၁၉၈၂ ဝန်းကျင်၊ လှည်းတန်း၊ စံရိပ်ငြိမ် (၆) လမ်း၊ ယုဒသန်ရိပ်သာအနီး၊ ခြံအမှတ် (၆၀၃) ရှေ့ ကိုမောင်မောင် – မကြည်ကြည်ဝင်းတို့ရဲ့ အိမ်အောက်ထပ်



www.burmesesclassic.com

www.burmesesclassic.com



မှာ ကျွန်တော်တို့ ထူးအိမ်သင်တို့ နားခိုစဉ်တုန်းက အဲဒီ အိမ်ခန်းကလေးထဲမှာ နေ့နေ့ညည ကိုခင်ဝမ်းသီချင်းသံတွေပဲ လွှင့်ပျံနေခဲ့ဖူးတာပါ။

*တိမ်တိုက်တွေရဲ့အဆုံး*
*အနောက်ဘက်ကအဝေး*
*မိုးကုပ်တစ်နေရာ*
*နေရောင်တချို့ ရှိနေသေးရဲ့ ...။*

## ဒုတိယပုံရိပ်

၁၉၉၀ လွန်နှစ်များ၊ ရွှက်နုဝေကာလ၊ ညီမလေး နှင်းဝေငြိမ်းကို ဗဟိုပြုပြီး မြေနီကုန်းမှာ ကိုခင်ဝမ်းနဲ့ ကျွန်တော် လူချင်းရင်းနှီးခဲ့ကြတယ်။

*လရောင်ဟာ လှပနေတယ်*
*စိတ်မအေးနိုင်တဲ့ ကိုယ့်အဖို့တော့*
*တစ်ကမ္ဘာမှာသာ နေသလို*
*ဝေးလှတယ်...။*

## တတိယပုံရိပ်

၁၉၉၇/၉၈ ကျွန်တော်နဲ့ပိုင်သ၊ ကဗျာမဆန်သော နေ့ရက်များ (မြတ်လေး၊ ဒွေး၊ စိုးမြတ်သူဇာ) ဗီဒီယိုဇာတ်ကား အနီကတ်ထိပြီး အထုတ်ခံရတဲ့အချိန်၊ ကိုခင်ဝမ်းက



www.burmesesclassic.com

www.burmesesclassic.com



လည်း သူရဲ့ Solo Show (ဒီပွဲဟာ သူ့နောက်ဆုံးပွဲ ဖြစ်သွားခဲ့ရပါတယ်) အတွက်ပြင်ဆင်နေချိန်၊ ပန်းဆိုးတန်းမှာ ကိုခင်ဝမ်းနဲ့ ကျွန်တော်တို့ အပြင်းစား ငြင်းခုံဆွေးနွေး၊ နွေးထွေးခဲ့ကြပါရဲ့။

ကိုခင်ဝမ်းနဲ့ ပတ်သက်လို့ ကျွန်တော့်မှာ အမှတ်ရစရာက သူနဲ့ လူကိုယ်တိုင် ဆုံရတာထက် သူ့အနုပညာတွေနဲ့ပဲ ပတ်သက်ရတာက ပိုများပါတယ်။

*

## နှင်းရေလို့ အော်ခဲ့တယ်...။

၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၃)ရက်၊ သူကွယ်လွန်သွားပြီဆိုတဲ့အခါ ကျွန်တော် တကယ်ကို ကြေကွဲထိခိုက်ရပါတယ်။ သူ့ဈာပနကို (၅-၂-၂၀၀၀) ညနေ ရေဝေးသုသာန်မှာ ပို့ရတော့ ဆရာပန်းချီမောင်ညိုဝင်း ရေးဆွဲပေးတဲ့ သူ့ရုပ်ပုံလွှာ ပန်းချီကားကို ကျွန်တော်ပွေ့ပိုက်ပြီး သူ့ နောက်ဆုံးခရီး ပို့ဆောင်ရင်း ကျွန်တော် ငိုမိပါတယ်။ သူ့တေးတစ်ပိုဒ်တစ်စကိုလည်း ကျွန်တော်ဆိုမိပါတယ်။ ကိုခင်ဝမ်း ကွယ်လွန်တော့ ကျွန်တော် သူ့ကို အမှတ်ရတဲ့ကဗျာတွေ၊ စာတွေရေးဖြစ်ပါတယ်။

သူ့ကို ကျွန်တော်က ဘော့(ပ်)ဒိုင်လန်နဲ့ တင်စားတတ်ပါတယ်။ ဘော့(ပ်)ဒိုင်လန်က ကဗျာဆရာကြီး ဒိုင်



www.burmesesclassic.com

www.burmesesclassic.com



လန်တောမတ်စ်ကို လေးစားအားကျလို့။ အဲဒီဒိုင်လန် (ဒိုင်လန် = ဝေလဘာသာစကား ပင်လယ်လို့ အဓိပ္ပာယ်ရပါတယ်) ဆိုတဲ့ အမည်ကို ခံယူခဲ့သူပါ။ ဘော့(ပ်) ဒိုင်လန်က သီချင်းကို ကဗျာရွတ်သလို ဆိုတတ်တဲ့သူလို့ ဂီတပညာရှင်တွေ ချီးပဂုဏ်ပြုကြပါတယ်။

ကျွန်တော်တို့ ကိုခင်ဝမ်းကလည်း ဘော့(ဘ်)ဒိုင်လန် လိုပါပဲ။ သူ့သီချင်းတွေဟာ ကဗျာရွတ်နေသလို ဆိုသွားတဲ့ တေးတွေပါ။ ဂီတမှာ (သီချင်းမှာ) ကဗျာဓာတ်သွင်းပြသွား တဲ့ ကိုခင်ဝမ်းရဲ့ လုပ်ရပ်ဟာ ကဗျာမှာ ဂီတဓာတ်သွင်း ရတဲ့ ကျွန်တော်တို့ ကဗျာအလုပ်အတွက် တန်ဖိုးမဖြတ်နိုင် တဲ့ ထည့်ဝင်မှုပါ။ အနုပညာ စိုက်ထည့်မှုပါ။ ဒီအတွက် သူ့ကို ကျွန်တော်တို့ ကျေးဇူးတင်ကြရပါမယ်။

ကိုခင်ဝမ်း ဂုဏ်ကျေးဇူးတွေကတော့ ပြောရင်မကုန်နိုင်ပါဘူး။ အခု ၂၀ဝ၂ ခုနှစ်၊ ဖေဖော်ဝါရီ (၃) ရက်ဆိုရင် သူ ကွယ်လွန်ခဲ့တာ (၂) နှစ်ပြည့်ပါပြီ။

ကိုခင်ဝမ်းဟာ အနုပညာ မကွယ်လွန်တဲ့သူပါ။

ဒီနေ့ ဒီအချိန်မှာ ဗီယက်နမ် စစ်လွန်ခေတ် လူငယ်မျိုးဆက်သစ်ဟာဘော့(ပ်)ဒိုင်လန် သီချင်းတွေနဲ့ လူလားမြောက်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဘော့(ပ်)ဒိုင်လန်နှင့် ကြီးပြင်းခြင်းတဲ့။ ကျွန်တော်တို့ဆီမှာကော...။ ခင်ဝမ်းနှင့် ကြီးပြင်းခြင်းပဲပေါ့။



www.burmesesclassic.com

www.burmesesclassic.com



အခုတော့ ကိုခင်ဝမ်းရဲ့ လူငယ်တွေက သူ့ကို သတိရ တမ်းတတဲ့ အမှတ်တရကွယ်လွန်ခြင်း (၂) နှစ်ပြည့် အောက်မေ့ဖွယ် အခမ်းအနားတွေ ဟိုမှာဒီမှာ ကျင်းပကြဦး တော့မယ်။

ကိုခင်ဝမ်း ကွယ်လွန်ပြီးနောက် ကွယ်လွန်ခြင်း (၁) နှစ်ပြည့်တုန်းက တောင်သမန်မှာ ကိုခင်ဝမ်းသို့ လွမ်းတပွဲ၊ အမရပူရဟာ ပြည်ဖြစ်သွားခဲ့တယ်လေ။ ဆရာ မောင်ကိုကို (အမရပူရ)တို့ရဲ့ တောင်သမန်ခင်ဝမ်းပွဲကတော့ နှစ်စဉ်ဆက်နေတော့မှာပါ။

ဒီတစ်ခါတော့ ကျွန်တော့်ကို ပြည်မြို့က (ကိုခင်ဝမ်း ဇာတိက) ကဗျာဆရာတွေက ဖိတ်ပါတယ်။ ကိုဆွေတို့၊ ချမ်းငြိမ်းအေးတို့၊ တိုးနှောင်မိုးတို့ပါ။ ဒီနှစ် (၃-၂-၂၀၀၂) နေ့ ပြည်မြို့မှာ (ကိုခင်ဝမ်းဇာတိမှာ) သူတို့ ကို ခင်ဝမ်းဇနီးကို ခွင့်ပန်ပြီး ကိုခင်ဝမ်း သူငယ်ချင်း ဘုန်းကြီး ကျောင်းမှာ ကိုခင်ဝမ်း ကွယ်လွန်ခြင်း (၂) နှစ်ပြည့် အောက်မေ့ဂုဏ်ပြုပွဲ သူတို့ပြည်မြို့သားတွေက ကျင်းပမယ် တဲ့။

ပြီးခဲ့တဲ့ ၂၀၀၁၊ နိုဝင်ဘာ (၂၉) အမေလူထုဒေါ် အမာ (၈၆) နှစ်ပြည့် မွေးနေ့ပွဲ တောင်သမန်မှာ တိုးနှောင် မိုးက ကျွန်တော့်ကို အသေအချာ မှာပါတယ်။ ပြည်မှာ



www.burmesesclassic.com

www.burmesesclassic.com



လုပ်မယ့် သူတို့ ခင်ဝမ်းအမှတ်တရပွဲကို ရန်ကုန်က၊ မန္တလေးက၊ အနယ်နယ်က ကဗျာဆရာတွေ၊ စာရေးဆရာတွေ၊ အယ်ဒီတာတွေ၊ ကိုခင်ဝမ်း ခရေဇီတွေအားလုံး လာနိုင်ကြရင် ကောင်းမှာနော်လို့ ကျွန်တော်က ဆန္ဒဖြစ်မိပါတယ်။

ဒီ ၂၀၀၂ ဇန်နဝါရီ နှစ်သစ်ကူး ခရီးသွားဖြစ်တော့လည်း မန္တလေးဦးမျိုးခင်တို့ရဲ့ ထန်းရိပ်ညိုမှာ…၊ မိုးသျှန်း (လမင်းသစ်)တို့နဲ့ တောင်သမန်ကိုမင်းစော လက်ဖက်ရည်ဆိုင်မှာ…၊ ညီပုလေးနဲ့ လူထုတိုက်မှာ…၊ ပြီးတော့ တောင်ငူ၊ ညောင်ကိုင်းတက္ကသိုလ်မှာ အောင်လွန်းမြင့်တို့၊ အောင်ခိုင်မြတ်တို့၊ ရန်လင်းအောင်တို့နဲ့ ကျွန်တော် ပြည်မြို့သားတွေရဲ့ ကိုခင်ဝမ်း (၂) နှစ်ပြည့်ပွဲအကြောင်းကို ပြောဖြစ်၊ သတင်း ပေးဖြစ်ခဲ့ပါသေးတယ်။

လွမ်းတယ်ဗျာ။ အခုနေ ကိုခင်ဝမ်းသာရှိရင် ကျွန် တော် သူနဲ့တိုင်ပင်ပြီး ခေတ်ပေါ်ကဗျာတွေကို နောက်ခံ ဂီတနဲ့ ရွတ်ဆိုထားတဲ့ ကဗျာတိပ်ခွေတစ်ခွေတော့ လုပ်ကြည့် စမ်းချင်ပါရဲ့၊ ဒါပေမဲ့…။

ကျွန်တော် စာရေးစားပွဲကနေ လှမ်းကြည့်လိုက်တော့ ဟိုးဝေးဝေး ဒဂုံတက္ကသိုလ်ကြီး ယွန်းယွန်းမှာ နံနက်ခင်းဟာ ခရမ်းနုရောင် နှင်းတွေနဲ့ ဝင်းမှည့်လို့ပါလား။



www.burmesesclassic.com

www.burmesesclassic.com



ရုတ်တရက် ကြွေကျသွားတဲ့ အလွမ်းစိတ်ကလေး တစ်စိတ်ကို ကျွန်တော် ပြန်ကောက်လိုက်တော့ ကျွန်တော့် နားထဲမှာ "နှင်းရေ... "လို့ အော်လိုက်တဲ့အသံကို ထပ်ခါထပ်ခါ ကြားနေမိတော့တယ်လေ။ ။

[ပေါ်ပြူလာ၊ ၅-၂-၂၀၀၂]



www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

www.burmesesclassic.com


## ကွယ်လွန်သူ ကိုခင်ဝမ်းကောင်းမှု

“တောင်ကုန်းလေးတစ်ခု ပေါ်ကို
တက်လှမ်းတော့
လမ်းခရီးမှာ
ကျေးငှက်တွေကို
အဖော်ပြုခဲ့တယ်။
ရေတွင်းလေးတစ်ခုကို
တွေ့တော့
ရေငင်လို့သောက်ရင်း
တွင်းထဲကိုငုံ့ပြီး
နှင်းရေလို့ အော်ခဲ့တယ်”
ချစ်လှစွာသော ညီမလေးနှင်း...
အခု ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ (၃) ရက်ဆိုရင်


www.burmesesclassic.com

www.burmesesclassic.com



တို့ ကိုခင်ဝမ်းကြီး ကွယ်လွန်ခဲ့တာ (၂) နှစ်တင်းတင်း ပြည့်ပြီနော်။ သူမရှိတော့မှ သူ့ကို သတိရခြင်းတွေဟာ (ရှယ်လီရဲ့ ကဗျာတစ်ပုဒ်ထဲက နှင်းဆီပွင့် သေဆုံးသွားတဲ့အခါ နှင်းဆီရွက်တွေက ချစ်သူစက်ရာအဖြစ် ပုံစုပေးကြလေရဲ့ဆိုတဲ့အတိုင်း) လူငယ်တိုင်းရဲ့ ရင်ထဲမှာ အပုံလိုက်အစုလိုက် ရှိနေခဲ့တာပဲ မဟုတ်လား နှင်းရေ။

ကိုခင်ဝမ်း ၃-၂-၂၀၀၀ ပြည့်နေ့က ရန်ကုန်မြို့မှာပဲ ကွယ်လွန်ခဲ့တာပါနော်။ ကိုခင်ဝမ်း ရုပ်ပနကိုတော့ ၅-၂-၂၀၀၀ ပြည့်နေ့ မြောက်ဥက္ကလာ ရေဝေးသုသာန်မှာ တို့တစ်တွေ ပို့ဆောင်ခဲ့ကြရတာပဲ မဟုတ်လား။

အဲဒီနေ့ (၅-၂-၂၀၀၀)က ကိုခင်ဝမ်း ရုပ်ပနမှာ ညှိုးငယ်သောစိတ်ထားနဲ့ ကဗျာတစ်ပုဒ် ရေးဖြစ်ခဲ့ပါတယ်။ ကဗျာကတော့ ကိုခင်ဝမ်းကို နောက်ဆုံးအနေနဲ့ နှုတ်ဆက်တဲ့ သဘောပါ။

ကဗျာအဆုံးမှာ 'ခင်ဝမ်း သို့...' လို့လည်း ရည်ညွှန်းခဲ့တယ်လေ။ ကဗျာကတော့ အခုလိုပါ ညီမလေး။

**နောက်ဆုံးသီချင်း**

သိပ္ပံဝတ္ထုထဲမှာ
စိမ်းဖန့်ဖန့် ဂြိုဟ်သားပုလေးတွေ
ကွန်ကရိ နံရံကြီးထဲက
တိုးထွက်လာတယ်။



www.burmesesclassic.com

www.burmesesclassic.com



သေသေချာချာ ကြည့်မိတော့မှ
ကိုယ် မေ့လျော့နေခဲ့တဲ့
အိမ်ရှေ့က ကန်စွန်းမြောင်းလေးထဲ
ရေအတော်နည်းနေပါလား။
ဆောင်းတွင်းကြီးပါ
ဥသြငှက်တွေ တေးမသီခင်ပါ
အချိန်နေရာမဟုတ်
နှုတ်ဆက်ထွက်ခွာသွားတဲ့အခါ
ခရမ်းနုရောင်လေးတွေ
နန်းတိုးငါးကလေးတွေ
အစိမ်းတောထဲ
စွဲစွဲလမ်းလမ်း သေဆုံးနေတာ
တွေ့လိုက်ရတယ်။
အစအဆုံး
မီးခိုးခေါင်းတိုင်ကိုပဲ
မော့ကြည့်နေရတဲ့အဖြစ်ပါ
နှင်းရေ...။ ။

ကိုခင်ဝမ်း ကွယ်လွန်ပြီဆိုတဲ့ သတင်းစကားကို ကြားလိုက်ရတဲ့အချိန်မှာ မယုံကြည်မိဘူးနော်။ နောက်ဆုံး တော့မှ ကိုယ်တိုင် ရေဝေးသုသာန် ဈာပနမှာ သူ ထာဝရ အိပ်ပျော်သွားတာကိုကြည့်ရင်း နှမြောတသ ကြေကွဲဝမ်းနည်း



www.burmesesclassic.com

www.burmesesclassic.com



စွာနဲ့ ယုံကြည်လိုက်ရတယ်လေ။

နှင်းရေ... ကိုခင်ဝမ်း ကွယ်လွန်တဲ့ရက်က အမှတ်တရပါပဲလေ။ ဗိုလ်ချုပ်အောင်ဆန်းလမ်း ရုပ်ရှင်ရုံတွေအောက်က သီချင်းစာအုပ် ဈေးခင်းကလေးမှာ 'ခင်ဝမ်းတေးပေါင်းချုပ်'။ တိုက်ဆိုင်တာပါပဲ။ သူ (ကိုခင်ဝမ်း) ကွယ်လွန်တော့မှပဲ သူ့ရဲ့ ပုံတူပန်းချီ မျက်နှာဖုံးနဲ့ အဲဒီစာအုပ်ပါးပါးကလေး (၆၄ မျက်နှာ) တို့ရဲ့စာအုပ်စင်ပေါ် ရောက်ခဲ့တာလေ။ ညိုညိုတေးသံသွင်း (အဲဒီတုန်းက ၁၈၀၊ အနော်ရထာလမ်း၊ ရန်ကုန်)က ထုတ်ခဲ့တဲ့ စာအုပ်ကလေးပါ။ ပထမအကြိမ်၊ ၁၉၈၆ တဲ့။

ကိုခင်ဝမ်း မရှိတော့တဲ့အခါ ကိုခင်ဝမ်း သီချင်းတွေကို သူရှိစဉ်ကနဲ့မတူဘဲ ပိုပြီးခံစားနားထောင်ဖြစ်လာခဲ့တယ်။ သူ့ရဲ့ အဲဒီ 'ခင်ဝမ်းတေးပေါင်းချုပ်' စာအုပ်ကလေးကိုလည်း အခါခါ (ကဗျာဖတ်သလို) ပြန်ပြန်ဖတ်နေခဲ့မိတယ်။

ကိုခင်ဝမ်း၊ သီချင်းတေးသွား (Melody)ကို နားထောင်ရတဲ့အခါ ဖြစ်ဖြစ်၊ ကိုခင်ဝမ်း သီချင်းစာသား (Words)ကို ဖတ်ရတဲ့အခါဖြစ်ဖြစ် တို့တစ်တွေရလိုက်တဲ့ အကျိုးကျေးဇူးကတော့ ကိုခင်ဝမ်းက 'ဂီတကို ကဗျာမြောက်အောင်' ရေးစပ်သီဆိုနိုင်တဲ့ ဂုဏ်ပါပဲ။ အဲဒီကနေဆက်ပြီး တို့ရဲ့ ခေတ်ပေါ်ကဗျာမှာ အရေးပါတဲ့ 'ကဗျာရဲ့ဂီတ' သဘောကို ကိုခင်ဝမ်း သီချင်းတေးသွားတွေ၊ ကိုခင်ဝမ်း သီချင်း စာသားတွေကို နားထောင်ဖတ်ရှုရင်း ပိုနားလည်



www.burmesesclassic.com

www.burmesesclassic.com



ပိုသဘောပေါက် လာရတယ်လေ။

စာပေနဲ့ အနုပညာအပေါ်မှာ ကိုခင်ဝမ်း ကျေးဇူးတွေ အများကြီးရှိတဲ့အထဲအဲဒီ 'ကဗျာရဲ့ဂီတ' သဘောတရားဟာ အရေးပါတဲ့ အချက်တစ်ခုပေါ့။ ဒီကျေးဇူးတွေဟာ သူ့ ကောင်းမှုတွေပါပဲ နှင်း။ မဟုတ်ဘူးလား၊ ဒါတွေဟာ ကွယ်လွန်သူ တို့ကိုခင်ဝမ်းကြီးရဲ့ ကောင်းမှုတွေပဲ မဟုတ် လား။

အခုတော့ အဲဒီကောင်းမှုရှင်ကြီး ကွယ်လွန်ခဲ့ပါပြီ။ ဒါပေမဲ့ သူမသေပါ။ သူ့အနုပညာ မသေပါ။ တို့ရဲ့ မောင်လေးအောင်က မောင်ယဉ်မွန်နဲ့ ပတ်သက်လို့ ရေးခဲ့ သလိုပေါ့။

'မောင်ယဉ်မွန်

သူ ကွယ်လွန်ပြီ၊ သေသည်ဆိုငြား

သူကား တောက်ပဆဲလား'

ကိုခင်ဝမ်းလည်း ဒီလိုပါပဲနှင်းရေ။ သူကား တောက်ပ ဆဲပါလေ။

ဆရာမောင်ထင် သူ့ ကိုဒေါင်းဝတ္ထုနံ့ဂုံးမှာ ရေးခဲ့တာ မျိုးလိုလည်း တို့ ကိုခင်ဝမ်းကြီး အခွန့်ရှည်နေဦးမှာပါ။

'ကိုဒေါင်းကား သေလေပြီ။ ကိုဒေါင်းသည် သက် တော်ရာကျော်ရှည်ပါစေသတည်း'တဲ့။

ဆရာမောင်ထင်က ဆုတောင်းခဲ့တယ်။ တို့လည်း ကိုခင်ဝမ်းကို သက်တော်ရာ ကျော်ရှည်ပါစေသတည်းလို့



www.burmesesclassic.com

www.burmesesclassic.com



ဆုတောင်းပေးကြရအောင်လေ။

ဒီနေ့ဒီအချိန်မှာ သူ ကွယ်လွန်တာ (၂) နှစ်ရှိပြီ။ သူ့ကို ဘယ်သူမှ မေ့နိုင်ကြမှာ မဟုတ်ပါဘူး။

အခုလည်း သူ့ကို လွမ်းတဲ့ကဗျာတစ်ပုဒ် တို့ ရေး ခဲ့မိပြန်သကွဲ့။ ဒီကဗျာဖတ်ပြီး ကွယ်လွန်သူ ကိုခင်ဝမ်း ကောင်းမှုအစုစုအတွက် တို့ သာဓုအနုမောဒနာ ခေါ်ကြရ အောင်ပါလား ညီမလေးရေ။

## ခင်ဝမ်းလမ်း

ကြည့်လိုက်စမ်း
ခရမ်းနုရောင်အနမ်းသားမှာ
တစ်ခြမ်းလုံး
ကြွေနေတာ
သီချင်းရွက်တွေလား။
တစ်ချက်တစ်ချက်
လွမ်းဖွေ့ဖွေ့တယ်
စိတ်က
ရွှေ့တယ်ဆိုရုံကလေး
မျက်ရည်သစ်ပင်။
နှင်းရယ် . . .
ရင်ဘတ်အောက်က



www.burmesesclassic.com

www.burmesesclassic.com




ငွေကြယ်
ဘယ်မှာဝှက်ထားခဲ့သလဲ
ပခုံးပါးမို့
ဒီမှာ
တယောကျိုးလေး တစ်လက်နဲ့ပဲ
အိပ်မက်ဟာ
လမ်းဖြစ်ခဲ့ပြီ။ ။

[**Beauty**၊ ဖေဖော်ဝါရီ ၂၀၀၂]



www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

www.burmesesclassic.com



## ခင်ဝမ်းလွန်လေ *

'နှင်းရေ...' လို့အော်သံ
ခရမ်းနုရောင် နွေဦးတိုင်
ကျွန်တော်တို့ ယုံတယ်။ ။

*၃ – ၂ – ၂၀၀၂၊ ပြည်၊ ခင်ဝမ်းပွဲတွင် ရွတ်ဆိုခဲ့သော ကဗျာ။



www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

www.burmesesclassic.com



## သရေခေတ္တရာမှ သတင်းပို့ချက်

ဖေဖော်ဝါရီ ၃

ကိုခင်ဝမ်း
ဒီည ခင်ဗျားကို ကျွန်တော် သတိရနေတယ်။

ဧရာဝတီမြစ်ပေါ်က
တံတားကြီးတစ်စင်းပေါ်မှာ
ကျွန်တော် ခင်ဗျားကို အထူးပဲ သတိရနေတယ်။

ကိုခင်ဝမ်း
ဒီနေ့မှာ
ခင်ဗျား နှုတ်ဆက်ထွက်ခွာသွားခဲ့တာ
(၂) နှစ်ပြည့်ခဲ့ပြီ။

ဒီနေ့
ရွှေဆံတော်ဘုရားခြေရင်းမှာ



www.burmesesclassic.com

www.burmesesclassic.com



ခင်ဗျားသီချင်းတွေ
ကျွန်တော်တို့ ဆိုခဲ့ကြတယ်။

ခင်ဗျားအတွက် ကဗျာတွေ
ကျွန်တော်တို့ ရွတ်ခဲ့ကြတယ်။

ကျွန်တော်တို့ဆိုတာ
လူငယ်တွေပေါ့။

ယက်ဗ်တူရှင်ကို
ပြောသလိုဆိုရင်
'လူငယ်ဆိုတာ ပြည်သူတွေပဲ'
(The young are people.)

ကိုခင်ဝမ်း
ပြည်သူတွေ ခင်ဗျားကို လွမ်းနေဦးမယ်။

အလွမ်းတွေဟာ
အင်အားဖြစ်တယ်။

အဲဒီအလွမ်းနဲ့
ရွှေဆံတော်ဘုရားရှေ့က
ခြသေ့်ကြီးနှစ်ကောင်ကို
လိပ်ပြာတောင်ပံပေါ်တင်ပြီး
ပျံသန်းနိုင်တယ်။



www.burmesesclassic.com

www.burmesesclassic.com



အလွမ်းတွေမှာ
စွမ်းအားရှိတယ်။

ကိုခင်ဝမ်း
ဒီည
ခင်ဗျားထိုးခဲ့တဲ့
'သက်တံ တံတား'
(Rainbow bridge)
ပေါ်မှာ
ကျွန်တော် လွမ်းနေတယ်။

ကိုခင်ဝမ်း
ဒီနေ့
ခင်ဗျားသီချင်းတွေနဲ့ မြို့မှာ
နှင်းတွေညို့နေတယ်။

ကျွန်တော်တို့အားလုံး
ခင်ဗျားကို သတိရတဲ့စိတ်နဲ့
နှင်းရေ…လို့ သံပြိုင်အော်ခဲ့တယ်။


ကိုခင်ဝမ်း
နှင်းခေါင်ခေါင်မှာ
အလွမ်းတွေ
တောင်လိုပုံပါစေသတည်း။ ။

[Faces၊ မေ ၂၀၀၂]



www.burmesesclassic.com

www.burmesesclassic.com



www.burmesesclassic.com

www.burmesesclassic.com



## ခင်ဝမ်း (၁၉၄၇ – ၂၀၀၀)

## အတ္ထုပ္ပတ္တိအကျဉ်း

– ၁၉၄၇ နိုဝင်ဘာ ၂၄ ရက် တနင်္လာနေ့၊ ပြည်မြို့တွင် ဦးအောင်ခ – ဒေါ်သိန်းတင်တို့မှ မွေးဖွားခဲ့။

– ငယ်စဉ်ကတည်းက ပန်းချီ၊ ဂီတတို့ကို စိတ်ဝင်စားခဲ့။

– ၁၉၆၅ – ၆၉ တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားခဲ့။

– ၁၉၆၉ တွင် ဒေါ်ခင်လေးမြင့်နှင့် လက်ထပ်ခဲ့။

– ၁၉၇၁ ဇန်နဝါရီလတွင် **စိတ္တဇပန်းချီ** စာအုပ်ကို ရေးသားထုတ်ဝေခဲ့။

– ၁၉၇၂ ဩဂုတ် ၆ ရက်တွင် **မျက်နှာစိမ်း** တစ်ကိုယ်တော်ပန်းချီပြပွဲကို ရန်ကုန်မြို့၊ သိမ်ဖြူလမ်း ဆရာဝန်များအသင်းတိုက်တွင် ပြသခဲ့။

– ၁၉၇၃ တွင် **မြားဘုရင်** တစ်ကိုယ်တော်ပန်းချီပြပွဲ။

– ၁၉၇၃ – ၇၄ တွင် **ပဋ္ဌဇင်္ဂမီ** (စုပေါင်းပြပွဲ)



www.burmesesclassic.com

www.burmesesclassic.com



– ၁၉၇၃ – ၇၅ တွင် **အရှေ့ရှာဂယ်လာရီကို** ကိုကြည်တွဲနှင့် တည်ထောင်ခဲ့။

– ၁၉၇၉ တွင် **ဒြပ်မဲ့** တစ်ကိုယ်တော်ပန်းချီပြပွဲ။

– ၁၉၉၇ တွင် IVY ဂယ်လာရီ၌ METALLURGY တစ်ကိုယ်တော် မော်ဒန်ပန်းချီပြပွဲ ပြသခဲ့။

– စံကြည်ကျော့အမည်ဖြင့် ဘာသာပြန်ဝတ္ထုတိုများ ရေးခဲ့။

– ကဗျာများ၊ ပန်းချီဆောင်းပါးများနှင့် မဂ္ဂဇင်းသရုပ်ဖော်ပုံများ ရေးဆွဲခဲ့။

– ၂၀၀၀ ပြည့် ဖေဖော်ဝါရီလ ၃ ရက်နေ့ ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့။

– ဇနီး ဒေါ်ခင်လေးမြင့်နှင့် သမီးမပွင့်ဖြူသီ၊ မပွင့်မှုန်သီ၊ မဇူလိုင်သီ၊ မမြင့်ခိုင်သီတို့ ကျန်ရစ်ခဲ့။

– သူ့ အနှစ်သက်ဆုံး သီချင်းများမှာ **နှင်း၊ ပြည်မှာဆောင်း၊ သက်ထား၊ မြစ်။**

***ရေးသားသီဆိုခဲ့သော သီချင်းခွေများ***

၁။ နှင်းဆီဖြူရဲ့ အဝေးကလူတစ်ယောက်

၂။ ပြည်မှာဆောင်း

၃။ အိပ်မက်

၄။ ပန်းနုရောင်ခံစားချက်များ (ကိုမောင်မောင်၊ ကိုနေဝင်း ပါဝင်ရေးသား)



www.burmesesclassic.com

www.burmesesclassic.com



၅။ ည
၆။ လိပ်ပြာလွင့်ပြင်
၇။ ကစားမလား နားမလား
၈။ ပန်းခရမ်းပြာ (ကိုနေဝင်း၊ ကိုရဲလွင်နှင့် ကိုသစ်မင်းတို့ရေးသည့်သီချင်းများ)
၉။ အမှောင်ကို ထွန်းညှိမယ့်မီးအိမ် (ကိုနေဝင်း တစ်ကိုယ်တော်ရေးသား)
၁၀။ လိုတရအကြည့်
၁၁။ မင်းလျှောက်ခဲ့တဲ့လမ်းနှင့် အခြားလက်ရွေးစင်သီချင်းများ



www.burmesesclassic.com